ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ စနေနေ့ (18-12-2010) (၆၆၁၆)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကာတာနိုင်ငံအကြီးအကဲထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်　　ဒီဇင်ဘာ　　၁၈**

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကာတာနိုင်ငံအကြီးအကဲ ရှိတ် ဟာမတ်ဘင် ခါလီဖာ အယ်(လ်) သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# မိမိတပ်ဖွဲ့ကို တက်ညီလက်ညီ စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိအောင် ဖွဲ့စည်းထားနိုင်ရမယ် ရဲဘော်တို့ဟာ ခေတ်မီတပ်မတော်တည်ဆောက်ရေးအတွက် လူသားအရင်းအမြစ်တွေဖြစ်တယ် မိမိတတ်တဲ့အတတ်ပညာနဲ့ တပ်မတော်ကို စွမ်းစွမ်းတမံ အကျိုးပြုနိုင်ရမယ် ရောက်လေရာဒေသမှာ တွေ့ရတဲ့ ကျေးလက်ပြည်သူတွေကို ကူညီစောင့်ရှောက်ကြရမယ်

နေပြည်တော်　　ဒီဇင်ဘာ　　၁၇

**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**



**ရဲဘော်တို့-**

ဒီနေ့ဟာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းတဲ့နေ့ဖြစ်တဲ့အတွက် ဒို့တပ်မတော်မှာ အင်ဂျင်နီယာဆိုင်ရာ အားသစ်လောင်းတဲ့ နေ့တစ်နေ့ဖြစ်တယ်။ ရဲဘော်တို့ဟာ စစ်ပညာများနဲ့ နည်းပညာများကို သင်ယူအောင်မြင်ခဲ့ပြီဖြစ်လို့ တပ်မတော်မှာ စစ်ဘက်အင်ဂျင်နီယာ ခေါင်းဆောင်ငယ်တွေအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံကြရတော့မှာ ဖြစ်တယ်။

**ရဲဘော်တို့-**

ဒို့တပ်မတော်ရဲ့ ရည်မှန်းချက်ဟာ **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော်** တည်ဆောက်ရေးပဲဖြစ်တယ်။ ဒို့ရဲ့ အဓိကတာဝန်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်ဖို့၊ စွမ်းရည်သုံးရပ် မြင့်မားနေစေရေးအတွက် အစဉ်လေ့ကျင့်နေဖို့နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို အချိန်ရရင်ရသလို ဆောင်ရွက်နေဖို့ပဲဖြစ်တယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)



| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

The Mirror
၁၈-၁၂-၂၀၁၀
(စနေနေ့)

# လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် လျှပ်စစ်ဓာတ်အား ပိုမိုဖြည့်ဆည်းဖော်ဆောင်

နိုင်ငံ၏စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ရာတွင် လျှပ်စစ်စွမ်းအားသည် အရေးပါလျက်ရှိသည်။ ပြည်သူတို့၏ နေ့စဉ်လူမှုစီးပွားဘဝအတွက် အဓိကလိုအပ်ချက်ဖြစ်သကဲ့သို့ စက်မှုနိုင်ငံထူထောင်ရာတွင် မရှိမဖြစ် အခြေခံလိုအပ်ချက်လည်းဖြစ်သည်။

နိုင်ငံ၏ ရေမြေသဘာဝအနေအထားအရ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်သည့် ရေအရင်းအမြစ် သယံဇာတပေါများသည်။ ဘဏ္ဍာငွေကြေး အများအပြား ရင်းနှီးမြှုပ်နှံသုံးစွဲရခြင်း၊ ကာလရှည်ကြာ အချိန်ယူတည်ဆောက်ရခြင်း အကန့်အသတ်များရှိသည့်တိုင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ရေအားလျှပ်စစ်စီမံကိန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိသည်။ တည်ဆောက်ပြီးစီးသည့် စက်ရုံများကို ဖွင့်လှစ်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ပေးနေပြီ ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အမှတ်(၄) ဓာတ်အားပေးစက်ကို ဒီဇင်ဘာ ၁၅ ရက်က စတင်လည်ပတ် လျှပ်စစ်ဓာတ်အား ပို့လွှတ်လိုက်ပြီဖြစ်သည်။ နိုင်ငံ၏ ၁၅ ခုမြောက် ဖွင့်လှစ်နိုင်ခဲ့သော ရေအားလျှပ်စစ်စက်ရုံဖြစ်သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်က စတင်တည်ဆောက်ခဲ့သည်။ လျှပ်စစ်တပ်ဆင်အား စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ရှိသည့် စက်လေးလုံးပါဝင်ပြီး မဂ္ဂါဝပ် ၇၉၀ တပ်ဆင်ထားသည်။ ဓာတ်အားပေးစက်ရုံ၏ စက်အမှတ် (၁) ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ၊ စက်အမှတ် (၂)ကို ဇူလိုင်လ၊ စက်အမှတ် (၃) ကို အောက်တိုဘာလနှင့် ယခု စက်အမှတ် (၄)ကို ဒီဇင်ဘာလတို့တွင် စတင်လည်ပတ်နိုင်ခဲ့ပြီဖြစ်ရာ လျှပ်စစ်ဓာတ်အားများ ထုတ်လွှတ်ပေးနိုင်နေပြီဖြစ်သည်။

ယနေ့အချိန်အခါသည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းနေသည့်ကာလ ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံအဖြစ် တစ်ဆင့်မြင့်တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းကြရဦးမည်။ သဘာဝသယံဇာတ အရင်းအမြစ်များရှိပြီးဖြစ်သည်။ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။ စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ထူထောင်၍ အကြီးစားစက်မှုလုပ်ငန်းများနှင့် သွင်းကုန်အစားထိုးလုပ်ငန်းများ အရှိန်ရစပြုနေပြီ။

ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမှုနှင့်အတူ တိုးတက်များပြားလာသော စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှု နှစ်စဉ်မြင့်မားလာလျက်ရှိသည်။ ယခုအခါ လျှပ်စစ်ဓာတ်အား ၃၀၄၅ မဂ္ဂါဝပ် ထုတ်လွှတ်ပေးနိုင်နေပြီ။ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ အချိန်မီတည်ဆောက်ပြီးစီးရေး၊ လျှပ်စစ်ဓာတ်အားများ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ကြိုးပမ်းကြခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအကျိုးပြုနိုင်မည်ဖြစ်ပါသည်။ ။

## အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ထားရှိမည့် Special Collection Corner အတွက် စာအုပ်များလှူဒါန်းရန် ဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ကို မကြာမီဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အမျိုးသားစာကြည့်တိုက်အသစ်ကြီး၌ Special Collection အခန်းဖွဲ့စည်းပြီး အလှူရှင်များ လှူဒါန်းသည့်စာအုပ်များအား Special Collection Corner အဖြစ် သီးခြားစင်များဖြင့် ထားရှိသွားရန် စီစဉ်ထားသည်။

**ဖိတ်ခေါ်ထား**

စာပေကိုချစ်မြတ်နိုးပြီး စာအုပ်များစုဆောင်းထားသူများအနေဖြင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ Special Collection Corner တွင် လာရောက်ထားရှိလှူဒါန်းခြင်းအားဖြင့် မိမိတို့ အနှစ်နှစ်အလလက စုဆောင်းထားသော စာအုပ်စာတမ်းများကို မပျောက်ပျက်အောင် ဆောင်ရွက်နိုင်မည့်အပြင် သားစဉ်မြေးဆက်လည်း ဆက်လက်ဖြည့်စွက် လှူဒါန်းထားရှိသွားနိုင်ကြောင်း၊ လာရောက်လှူဒါန်းမည့် စာအုပ်များကို သီးခြားစာအုပ်စင်များတွင် ဘာသာရပ်ခွဲခြား၍ လှူဒါန်းသူများအမည်ဖြင့် Special Collection အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားပေးမည်ဖြစ်ကြောင်း၊ လှူဒါန်းလိုသူများသည် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၀၃၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြတိုက်နှင့် စာကြည့်တိုက်များ) ဖုန်း-၀၆၇-၄၀၈၂၁၈၊ ညွှန်ကြားရေးမှူး အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဖုန်း-၀၆၇-၄၀၈၀၂၉၊ ညွှန်ကြားရေးမှူး အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ဖုန်း-၀၁-၆၆၂၄၇၀ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်ဟု ဖိတ်ခေါ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကျိုင်းတုံ-မိုင်းခုတ်-မိုင်းဆတ်လမ်း တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၇

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် ဒီဇင်ဘာ ၈ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ-မိုင်းခုတ်-မိုင်းဆတ်လမ်း၊ မိုင်းဆတ်-မိုင်းတုံ-နားကောင်းမူ ကားလမ်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှု ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

တိုင်းမှူးသည် ဒီဇင်ဘာ ၉ ရက်တွင် မုံးထော်ကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဆေးပစ္စည်းများ၊ အားကစားပစ္စည်းများ၊ ရာသီသီးနှံမျိုးစေ့များနှင့် အဝတ်အထည်များကို ပေးအပ်ပြီး ကျေးရွာနေပြည်သူများအား ဆေးဝါးကုသ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုကာ ပုံပါကျင်နယ်မြေခံတပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဒီဇင်ဘာ ၁၁ ရက်တွင် နားကောင်းမူမြို့ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိ၍ တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး စားသောက်ကုန်များ၊ အဝတ်အထည်များနှင့် အားကစားပစ္စည်းများ ပေးအပ်ကာ တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်းခုတ်မြို့ ရှုခင်းသာ (၄) စံပြကျေးရွာသစ်သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မင်္ဂလာဒုံမြို့နယ်ရှိ အောင်တံခွန်ရေပေးဝေရေးစီမံကိန်း မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၇

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်မိုးလိုက်ပါ၍ ဒီဇင်ဘာ ၁၅ရက် နံနက်က မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာအနီး အမှတ်(၃)လမ်း တစ်ဖက်တစ်ချက်တွင် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်နေသော အောင်တံခွန်ရေပေးဝေရေးစီမံကိန်းသို့ ရောက်ရှိလာသည်။**

မြို့တော်ဝန်အား ဌာနမှူးဦးသန်းထိုက်၊ ဒုတိယဌာနမှူး ဦးအောင်ဆန်းဝင်းနှင့် စီမံကိန်းမန်နေဂျာ လက်ထောက်ဌာနမှူး (အင်ဂျင်နီယာ) ဦးမျိုးသိန်းတို့က အလျား ပေ ၆၀၀၊ အနံပေ ၂၀၀ ကန်ပေါင်အပါအဝင် အနက် ၁၁ ပေရှိ အကြိုအနည်ထိုင်ကန် အလျား ၁၂၆ပေ၊ အနံ ပေ ၁၀၀၊ ကန်ပေါင်အပါအဝင် အနက် ၁၆ ပေရှိ ရေစုပ်ကန်တည်ဆောက်နေမှုကို လိုက်လံရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ မြို့တော်ဝန်က ပေါင်းစပ်ညှိနှိုင်းပေးသည်။





အထက်ပါ အောင်တံခွန်ရေပေးဝေရေးစီမံကိန်းသည် ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းပြီးဆုံးပါက လှော်ကားရေလှောင်ကန်သို့ နေ့စဉ်တစ်နေ့ ရေဂါလန် သန်း၂၀ ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

(၁၉)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း အောင်တံခွန်ရေပေးဝေရေးစီမံကိန်း၌ အကြိုအနည်ထိုင်ကန်နှင့် ရေစုပ်ကန်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် စည်ပင်သာယာကျေးရွာ ဘောလုံးအားကစားကွင်း၌ (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ဘောလုံး အသင်း ၁၄ သင်းမှ အားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြိုင်ပွဲဖွင့်လှစ်ပေးကာ ခေတ်အေးကျေးရွာအုပ်စု အသင်းနှင့် အောင်ဇေယျရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အောင်ဇေယျရပ်ကွက် အသင်းက ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**ဇေယျာသီရိမြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အဖွဲ့ဝင်များ ပြိုင်ပွဲဝင် ဘောလုံးအသင်းနှစ်သင်းနှင့် ဒိုင်အဖွဲ့များအား လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

## လှူဒါန်း

**ကွယ်လွန်သူ ဦးလူဝ(ပြည်) - ဒေါ်ဒေါ်ခင်၊ ဦးကျော်မောင်+ ဒေါ်တင်တင်၊ ဗိုလ်မှူးညွန့်သိန်း(ကြည်း)၊ ကိုဇော်ဝင်း၊ ကိုသိန်းနိုင်တို့အား ရည်စူး၍ ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့နေ ဦးစိန်ဝင်း - ဒေါ်စန်းစန်းနွဲ့၊ ဒေါ်သန်းသန်းအေး (ပါမောက္ခ-ငြိမ်း၊ မြန်မာစာဌာန)၊ ဒေါ်သန်းသန်းဌေး (ဦးစီးအရာရှိ၊ ရောဂါဗေဒဌာန)တို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) ရှိ အဆင့်မြင့် ခြောက်ထပ်ဆေးရုံကြီး အထူးခန်းတစ်ခန်း အတွက် အလှူငွေ ကျပ် ၂၄ သိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ (၁) ဦးညွန့် လက်ခံစဉ်။ (သတင်းစဉ်)**




# လုပ်ငန်းဆိုင်ရာများ ကွင်းဆင်းဆောင်ရွက်

**ရေစကြို ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးတင့်ဆွေသည် ယနေ့နံနက်တွင် ရေစကြိုမြို့နယ် ကန်ပေါက်ကျေးရွာသို့ ကွင်းဆင်း၍ ရပ်ကွက် အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး နယ်မြေဒေသလုံခြုံရေး ဆောင်ရွက်ထားရှိမှုများ၊ ဆောင်ရွက်ရန်ကိစ္စများနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆွေးနွေးအကြံပြု မှာကြားပြီး ရှင်မတောင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် နယ်မြေဒေသလုံခြုံမှု အခြေအနေများကို တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆွေးနွေးမှာကြား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၃၇၄)

**အလိမ္မာစာမှာရှိ**

# စွမ်းရည်ထက်မြက်အောင်နဲ့ မျိုးချစ်တပ်မတော်အဖြစ် ဆက်လက်ရှင်သန်နိုင်အောင် ကြိုးပမ်းခဲ့ မနအင်အား တောင့်တင်းလာတာနဲ့ တပ်မတော်ခေတ်မီရေးကိုလည်း ဆောင်ရွက်ပေးနိုင်

☆ ရွှေဖုံးမှ

**ရဲဘော်တို့-**

ယနေ့ကမ္ဘာပေါ်မှာ နိုင်ငံတိုင်းဟာ ကိုယ့်နိုင်ငံကိုယ်ကာကွယ်နိုင်ဖို့ သတိကြီးစွာထားပြီး တပ်မတော်တွေကို ခေတ်မီအောင် တည်ဆောက်နေကြတယ်။ ဒါကြောင့် ဒို့လက်ထက်မှာ ဒို့တပ်မတော်ကို အင်အားတောင့်တင်းအောင်၊ စွမ်းရည်ထက်မြက်အောင်နဲ့ မူလမျိုးစေ့အရ မျိုးချစ်တပ်မတော်အဖြစ် ဆက်လက်ရှင်သန်နိုင်အောင် ကြိုးပမ်းခဲ့ရတယ်။ အလားတူပဲ နိုင်ငံတော်ရဲ့ မနအင်အားတောင့်တင်းလာတာနဲ့ လိုက်လျောညီထွေစွာ တပ်မတော်ခေတ်မီရေးကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

**ရဲဘော်တို့-**

လွတ်လပ်ရေးရပြီးစက ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှု အင်အားကြီးမားပြီး အရှိန်အဟုန်ပြင်းထန်နေတဲ့အချိန်မှာ ဒို့တပ်မတော်ဟာ လူအင်အား၊ လက်နက်အင်အား အစစအရာရာ ချည့်နဲ့ခဲ့တယ်။ ရန်ကုန်ကွက်ကွက်ကလေး သာကျန်တဲ့ အခြေအနေဆိုးမျိုးကနေ တိုင်းပြည်ကို ကယ်တင်နိုင်ခဲ့တာဟာ ဒို့ရဲ့မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားရဲတဲ့စိတ်ဓာတ်အပြင် ပြည်သူတွေရဲ့ ထောက်ခံအားပေးမှုတွေကြောင့်သာ ဖြစ်တယ်။ အဲဒီ စိတ်ဓာတ်တွေနဲ့ပဲ ကူမင်တန်ကျူးကျော်မှုကိုလည်း တွန်းလှန်နိုင်ခဲ့တယ်။

ဒါကြောင့် တပ်မတော်ကို အင်အားတောင့်တင်းအောင် တဖြည်းဖြည်း တည်ဆောက်ခဲ့ပြီး မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသနဲ့ ဧရာဝတီအနောက်ခြမ်းဒေသတွေမှာ ခြေကုပ်ယူထားတဲ့ သောင်းကျန်းသူတွေကို ပြည်သူနဲ့ လက်တွဲချေမှုန်းကာ အေးချမ်းသာယာတဲ့ဒေသတွေဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

သမိုင်းသင်ခန်းစာအရ ဒို့တပ်မတော်ဟာ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်ရုံသာမက မမျှော်လင့်ဘဲ ဖြစ်ပေါ်လာတတ်တဲ့ ပြည်ပကျူးကျော်မှုမျိုးကိုလည်း တွန်းလှန်ချေမှုန်းနိုင်ရမှာဖြစ်တယ်။ ဒါကြောင့် တပ်မတော်ကို ခေတ်မီတဲ့တပ်မတော်ဖြစ်အောင်၊ စွမ်းရည်ထက်မြက်တဲ့ တပ်မတော်ဖြစ်အောင် လက်ဆင့်ကမ်း ဆက်လက်တည်ဆောက်ကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့-**

ဒို့ရဲ့အဓိကတာဝန်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်ဖို့ဖြစ်တယ်။ ဒီလို စောင့်ရှောက်ကာကွယ်နိုင်ဖို့အတွက် အမြဲတမ်းလေ့ကျင့်နေရမယ်၊ အမြဲတမ်းစစ်ရေးသတိ ရှိနေရမယ်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေရမယ်။

စစ်ပညာဆိုတာဟာ အမြဲတမ်းလေ့ကျင့်နိုင်ပါမှ တန်ကာကျတဲ့ သဘောသဘာဝရှိတယ်။ အမြဲတမ်းလေ့ကျင့်ရာမှာ သမားရိုးကျနည်း၊ ပြောက်ကျားနည်းနဲ့ ပြည်သူ့စစ် မဟာဗျူဟာတို့အပြင် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ထွန်းကားနေတဲ့ စစ်ဘက်သိပ္ပံနဲ့ နည်းပညာတွေကြောင့် ပြောင်းလဲလာတဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတွေကိုပါ လေ့လာသင်ကြား လေ့ကျင့်ကြဖို့လိုတယ်။

ယနေ့ကမ္ဘာပေါ်မှာ လူတွေ အစုလိုက်အပြုံလိုက်သေစေနိုင်တဲ့ ဖျက်စွမ်းအားပြင်း လက်နက်ဆန်းတွေနဲ့ ကြည်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသာမက အာကာသဆိုင်ရာ လွှမ်းမိုးနိုင်မှုတွေကိုပါ အသုံးချစစ်ဆင်နိုင်ဖို့ ကြိုးပမ်းလျက်ရှိကြတယ်။ သို့သော်လည်း ဘယ်လိုကိစ္စမျိုးမှာမဆို အားသာချက်ရှိသလို ချို့ယွင်းအားနည်းချက်ဟာ ရှိစမြဲဖြစ်တယ်။ မိမိနဲ့ ယှဉ်ပြိုင်ရသူရဲ့ အားသာချက်ကိုရှောင်၊ အားနည်းချက်ကိုအသုံးချပြီး ထိကွက်ကို နာအောင်လုပ်တတ်ရင် ဘာမဆို ရင်ဆိုင်နိုင်မှာပဲဖြစ်တယ်။ ဒါကြောင့် စစ်ဘက်အင်ဂျင်နီယာတွေဖြစ်တဲ့ ရဲဘော်တို့ဟာ အမြဲတမ်းလေ့လာ၊ အမြဲတမ်းတွေးတောကြံဆနေကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့-**

စစ်ရေးစစ်ရာဆိုတာဟာ အမြဲတမ်း သတိရှိနေရတယ်။ သတိတရားဆိုတာ လုံခြုံမှုရဲ့ပင်မအကြောင်းတရားလည်း ဖြစ်တယ်။

အမြဲတမ်းသတိရှိနေမှ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေမှာ ဖြစ်တယ်။ စစ်ရေးသတိ လစ်ဟင်းနေပြီး အမြဲတမ်းတိုက်ပွဲဝင်အသင့်မဖြစ်ရင် အငိုက်မိတတ်တယ်။ အငိုက်မိခြင်းဟာ ရှုံးနိမ့်ခြင်းရဲ့အရင်းခံအကြောင်းတရားပဲ ဖြစ်တယ်။ တပ်မတော်ဆိုတာ စစ်တို့ရဲ့သဘောအရ အစိတ်အပိုင်းအားဖြင့် ရှုံးနိမ့်သွားစေကာမူ လွှမ်းခြုံလိုက်တဲ့အခါ အစဉ်အမြဲ အောင်ပွဲခံရမှာဖြစ်တယ်။ ဒါကြောင့် တပ်မတော်သားဘဝကို ခံယူရရှိလာပြီဖြစ်တဲ့ ရဲဘော်တို့ဟာ အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်ကို မွေးမြူကြရမယ်။

**ရဲဘော်တို့-**

တပ်မတော်သားဘဝကို ခံယူရရှိပြီးဖြစ်တဲ့ ရဲဘော်တို့ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် သစ္စာအဓိဋ္ဌာန်ပြုထားကြသူတွေ ဖြစ်တယ်။ ဒို့ရဲ့ သစ္စာလေးချက်မှာပါဝင်တဲ့ **ငါတို့သည်**ဆိုတာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကနေ နောက်ဆုံးဝင်လာတဲ့ တပ်သားကလေးအထိ တလုံးတစည်းတည်း ပါဝင်တယ်။ ငါတို့ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့သစ္စာကို စောင့်သိရိုသေရမယ်။ ငါတို့ဟာ ကျဆုံးလေပြီးသော တပ်မတော်သားတို့ရဲ့သစ္စာကို စောင့်သိရိုသေရမယ်။ ငါ့အား အထက်ကပေးအပ်တဲ့ အမိန့်နဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမယ်။ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ဖို့ ငါတို့ အဓိဋ္ဌာန်ပြုထားကြတယ်။

ဒါကြောင့် ရဲဘော်တို့ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် စွန့်လွှတ်စွန့်စားရဲရမယ်၊ သတ္တိ ဗျတ္တိရှိရမယ်၊ တပ်တိုင်း ရဲဘော်တိုင်းမှာရှိရမယ့် အခြေခံအရည်အချင်းငါးပါးအတိုင်း စိတ်ဓာတ်ကောင်းရမယ်၊ စည်းကမ်းကောင်းရမယ်၊ သစ္စာရှိရမယ်၊ စည်းလုံးညီညွတ်မှုရှိရမယ်၊ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်နဲ့လည်း ပြည့်စုံကြရမယ်။ တပ်မတော်ရဲ့ အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုတဲ့ စိတ်ဓာတ်ရှိကြရမယ်။ ဒို့တာဝန်အရေးသုံးပါးကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိကြရမယ်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။**

(သတင်းစဉ်)



**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)

**ရဲဘော်တို့-**

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရတော့မယ့် ရဲဘော်တို့ဟာ အထက်ကပြောခဲ့တဲ့ အရည်အချင်းတွေနဲ့ ကိုယ်တိုင်ပြည့်စုံရုံသာမက မိမိကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကိုလည်း ပြည့်စုံအောင် ဖြည့်ဆည်းနိုင်ရမယ်။ စစ်ဘက်ခေါင်းဆောင်ဆိုတာ တပ်ကို ကောင်းအောင်တည်ဆောက်နိုင်စွမ်းရှိရမယ်။ အခက်အခဲအကျပ်အတည်းမှန်သမျှ ရင်ဆိုင်ကျော်လွှားနိုင်ရမယ်။ မိမိတပ်ဖွဲ့ကို တက်ညီလက်ညီ စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိအောင် ဖွဲ့စည်းထားနိုင်ရမယ်။

ဒီလိုဖြစ်ဖို့အတွက် မိမိဟာ အရာရာမှာစံပြဖြစ်အောင် ကျင့်ကြံရမယ်။ အပင်ပန်းအဆင်းရဲခံနိုင်ရမယ်။ ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ကြိုးစားမှုရှိရမယ်။ ကွပ်ကဲမှုနဲ့ ကြီးကြပ်မှုကောင်းရမယ်။ အရာရာမှာ ကိုယ်က အနစ်နာခံနိုင်ရမယ်။ ဒါမှသာ ရဲဘော်တို့ဟာ ငယ်သားတွေရဲ့ အားကိုးယုံကြည်မှုကို ခံယူရရှိတဲ့ ခေါင်းဆောင်ငယ်များ ဖြစ်လာကြလိမ့်မှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့-**

ရဲဘော်တို့ဟာ အင်ဂျင်နီယာ အတတ်ပညာရှင်များဖြစ်ကြတဲ့အလျောက် ခေတ်မီတပ်မတော်တည်ဆောက်ရေးအတွက် လိုအပ်တဲ့ လူသားအရင်းအမြစ်တွေဖြစ်ကြတယ်။ မိမိတတ်တဲ့ အတတ်ပညာနဲ့ တပ်မတော်ကို စွမ်းစွမ်းတမံ အကျိုးပြုနိုင်ရမယ်။ အလားတူပဲ ရောက်လေရာဒေသမှာ တွေ့ရတဲ့ ကျေးလက်ပြည်သူတွေကို ကူညီစောင့်ရှောက်နိုင်တဲ့သူတွေ ဖြစ်ကြရမယ်။

**ရဲဘော်တို့-**

တပ်မတော်နည်းပညာတက္ကသိုလ်ကို ၁၉၉၄ခုနှစ် ဖေဖော်ဝါရီလ ၄ရက်နေ့က တည်ထောင်ဖွင့်လှစ်ခဲ့ပြီးနောက် ကျောင်းဆင်းအင်ဂျင်နီယာအရာရှိတွေဟာ တပ်မတော်က နိုင်ငံတော်တာဝန်ယူခဲ့ရတဲ့ ကာလအတွင်းမှာ တိုင်းကျိုး ပြည်ပြုလုပ်ငန်းတွေကို အားတက်သရော ပါဝင်တည်ဆောက်ခဲ့ကြတဲ့အတွက် မှတ်တမ်းတင်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့-**

နိဂုံးချုပ်အားဖြင့် ပြောကြားရရင်-

- **အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေးတာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်ကြပါ။**
- **တပ်မတော်ရဲ့ အဓိကတာဝန်ကြီးသုံးရပ်ကို ကျေပွန်စွာထမ်းဆောင်ကြပါ။**
- **မြဲသုံးမြဲနဲ့ပြည့်စုံပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်ကြပါ။**
- **ခေါင်းဆောင်ကောင်းများဖြစ်အောင် မိမိကိုယ်မိမိ ပျိုးထောင်ကြပါ။**
- **ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး တပ်မတော်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာ(၁၂)ရပ်ကို ဆက်လက်သယ်ပိုးကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

# နိုင်ငံသစ်ကို အသိအမှတ်ပြုရန် ဥရောပနိုင်ငံများအား ပါလက်စတိုင်း တောင်းဆို

**ရာမာလာ ဒီဇင်ဘာ ၁၇ -** အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေး စည်းဘောင်အပြင်ဘက်တွင် နိုင်ငံတစ်ခုထူထောင်ရန် ကြိုးပမ်းသည့်အနေဖြင့် အနောက်ဘက်ကမ်းဒေသနှင့် ဂါဇာကမ်းမြောင်ဒေသတို့၌ ပေါ်ထွက်လာမည့် နိုင်ငံသစ်ကို ဥရောပနိုင်ငံများက အသိအမှတ်ပြုရန် ပါလက်စတိုင်းတို့က တောင်းဆိုခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

စက်တင်ဘာလမှစ၍ ရှေ့ဆက်မတိုးနိုင်ခဲ့သော အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများကြောင့် ပါလက်စတိုင်းဒေသသားများသည် နည်းလမ်းအပြောင်းအလဲလုပ်၍ နိုင်ငံသစ်ထူထောင်ရေး စတင်လုပ်ဆောင်နေကြောင်း သတင်းတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံက ဆန့်ကျင်နေသမျှ အခြေအနေ ပြောင်းလဲဖွယ်မရှိသော်လည်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ် အစိုးရအဖွဲ့၏ လှုပ်ရှားမှုများသည် အစ္စရေးနိုင်ငံကို ဖိအားပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။

အစ္စရေးနှင့် အနာဂတ် ပါလက်စတိုင်းနိုင်ငံတို့အကြား နယ်နိမိတ်စည်းကို ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်း စစ်ပွဲမတိုင်မီ သတ်မှတ်ချက်အတိုင်း အသိအမှတ်ပြုရန် ဥရောပနိုင်ငံများကို ပါလက်စတိုင်း စေ့စပ်ညှိနှိုင်းရေးမှူး နာဆေးရှာအက်က ဒီဇင်ဘာ ၁၆ ရက်တွင် တိုက်တွန်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

၁၉၆၇ခုနှစ် နယ်နိမိတ်သတ်မှတ်ချက်အရ ဖွဲ့စည်းမည့် ပါလက်စတိုင်းနိုင်ငံကို ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့က မကြာသေးမီက အသိအမှတ်ပြုခဲ့သည့်နည်းတူ အာရပ်ကမ္ဘာနှင့် အာဖရိကတို့ကလည်း အသိအမှတ်ပြုခဲ့ပြီးဖြစ်သည်။

ဥရောပနိုင်ငံ အများစုကမူ ပါလက်စတိုင်းဒေသနှင့် သံတမန်အဆက်အသွယ်များ တိုးမြှင့်ခဲ့သော်လည်း နိုင်ငံတကာအနေဖြင့် ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုရေးမှာ မည်မျှကြာဦးမည်ဆိုသည့်အချက်သည် မသေချာသေးပေ။ **အေပီ။**



**အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပသော အာရပ်ဦးဆောင် ကော်မတီ အစည်းအဝေး။**



## အမေရိကန်နှင့် ဥရောပ၌ ဗုံးခွဲတိုက်ခိုက်မည့် အယ်လ်ခိုင်ဒါ၏ အကြံအစည် စစ်သွေးကြွများ ဖြောင့်ချက်ပေး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၇**

ခရစ္စမတ်ကာလအတွင်း အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများ၌ အသေခံတိုက်ခိုက်မှုများပြုလုပ်မည့် အယ်လ်ခိုင်ဒါ၏ အစီအမံများကို ဖမ်းဆီးရမိခဲ့သော စစ်သွေးကြွများက ဝန်ခံချက်ပေးခဲ့ကြကြောင်း အီရတ်ထိပ်တန်းတာဝန်ရှိသူများက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့လယ်၌ ပြီးခဲ့သည့်သီတင်းပတ်က ဖြစ်ပွားခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုသည် အီရတ်စစ်သွေးကြွများ ထုတ်ဖော်ဝန်ခံခဲ့သည့် အယ်လ်ခိုင်ဒါ၏အကြမ်းဖက် တိုက်ခိုက်ရေး စီမံချက်များတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီး ဂျဝပ်ဒ်အယ်လ်-ဘိုလာနီက အေပီသတင်းဌာနသို့ ပြောကြားသည်။

အီရတ်နိုင်ငံသည် အယ်လ်ခိုင်ဒါ၏ အကြမ်းဖက်စီမံကိန်းများနှင့် ပတ်သက်၍ နိုင်ငံတကာ ရဲတပ်ဖွဲ့(အင်တာပိုလ်)ကို သတင်းပေးခဲ့ပြီး ပစ်မှတ်များဖြစ်နိုင်ဖွယ်အလားအလာရှိသော အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများမှ အာဏာပိုင်များကိုလည်း သတိပေးခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးတို့က ပြောကြားသည်။

အီရတ်စစ်သွေးကြွများ၏ ထုတ်ဖော်ဝန်ခံချက်များ မှန်ကန်ကြောင်း စုံစမ်းစစ်ဆေးရန် နည်းလမ်းမရှိသေးပေ။ သို့ရာတွင် ပြီးခဲ့သည့်နှစ် ခရစ္စမတ်ကာလအတွင်း အမေရိကန်နိုင်ငံ ဒက်ထရွိုက်မြို့သို့ ပျံသန်းသောလေယာဉ်တစ်စင်းကို နိုင်ဂျီးရီးယားနိုင်ငံသား အူမာဖာရော့ခ် အဗ္ဗဒူမူတာလက်က ဗုံးခွဲတိုက်ခိုက်ရန် ကြိုးစားခဲ့ပြီးနောက်ပိုင်း အနောက်အုပ်စု အာဏာပိုင်များသည် ခရစ္စမတ်ကာလ အားလပ်ရက်များအတွင်း လုံခြုံရေးအဆင့် တိုးမြှင့်ပြီးဖြစ်သည်။

စစ်သွေးကြွအများအပြားက ၎င်းတို့သည် အယ်လ်ခိုင်ဒါ ဗဟိုခေါင်းဆောင်ပိုင်းမှ ညွှန်ကြားချက်များကို အကောင်အထည်ဖော်ရသော ကလာပ်စည်းတစ်ခုတွင်ပါဝင်ကြောင်း ဝန်ခံခဲ့ကြသည်ဟု အီရတ်ပြည်ထဲရေးဝန်ကြီးကဆိုသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့များက ပြီးခဲ့သည့်ရက်သတ္တနှစ်ပတ်အတွင်း ဖမ်းဆီးရမိခဲ့သော အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်သူများအဖြစ်ယူဆရသူ အနည်းဆုံး ၇၃ဦးတို့က ယင်းကဲ့သို့ ဖြောင့်ချက်များပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အေပီ။**



## ကလပ်စတာဗုံး ပိတ်ပင်ရေး ညီလာခံ လက်ဘနွန်နိုင်ငံ၌ ကျင်းပမည်

**ဘေရွတ် ဒီဇင်ဘာ ၁၇ -** ကလပ်စတာဗုံး (ဗုံးပဒေသာ) ပိတ်ပင်ရေး နိုင်ငံတကာညီလာခံတစ်ရပ်ကို လက်ဘနွန်နိုင်ငံ၌ လာမည့်နှစ် စက်တင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်န်ဒီပီ) ကိုယ်စားလှယ် မာတာရီဒက်စ်၏ ပြောကြားချက်ကို ကိုးကားလျက် ယနေ့သတင်းများတွင် ဖော်ပြသည်။

ကလပ်စတာဗုံး ပိတ်ပင်ရေး အော်စလို သဘောတူညီချက်၌ ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများ၏ ဒုတိယအကြိမ် ညီလာခံကို လက်ဘနွန်နိုင်ငံတွင်ကျင်းပရန် ရွေးချယ်ထားကြောင်း ရီဒက်စ်က ပြောကြားသည်။

လက်ဘနွန်ဝန်ကြီးချုပ် ဆာယိဒ် ဟာရီရီသည် ရီဒက်စ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ကလပ်စတာဗုံး ပိတ်ပင်ရေး နိုင်ငံတကာညီလာခံ ကျင်းပရေးကိစ္စကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ ကုလသမဂ္ဂ၊ နော်ဝေနှင့် ကလပ်စတာဗုံး ညွှန့်ပေါင်းတပ်ဖွဲ့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။

ကလပ်စတာဗုံးပိတ်ပင်ရေး နိုင်ငံတကာ သဘောတူညီချက်ကို လွန်ခဲ့သည့်နှစ်နှစ်က အတည်ပြုခဲ့ကြကြောင်း၊ အဆိုပါ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် ကမ္ဘာတစ်ဝန်း ကလပ်စတာဗုံး ပိတ်ပင်ရေးအတွက် လှုပ်ရှားကြမည်ဖြစ်ကြောင်း ရီဒက်စ်က ပြောကြားသည်။

**အင်တာနက်။**

## ဆိုယုဇ် အာကာသယာဉ်နှင့် မြေပြင်ထိန်းချုပ်ရေးစခန်း အဆက်အသွယ်ပြန်လည်ရရှိ

**မော်စကို ဒီဇင်ဘာ ၁၇ -** အချိန်အတန်ကြာ အဆက်အသွယ် ပြတ်တောက်ခဲ့ရပြီးနောက် ရုရှားအာကာသထိန်းချုပ်ရေး ဗဟိုဌာနသည် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)နှင့် ဆိုယုဇ် တီအမ်တီ-၂၀ အာကာသယာဉ်တို့မှ လိုအပ်သော သတင်းအချက်အလက်အားလုံးကို ပြန်လည်ရရှိပြီဖြစ်ကြောင်း ရုရှားနိုင်ငံက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ရုရှား အာကာသထိန်းချုပ်ရေးဗဟိုဌာနသည် ဆိုယုဇ် အာကာသယာဉ်နှင့် နာရီပေါင်း အတော်ကြာမျှ အဆက်အသွယ် ပြတ်တောက်ခဲ့ကြောင်း အင်တာဖက်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်၊ ရုရှားနှင့် အီတလီနိုင်ငံတို့မှ အာကာသယာဉ်မှူး သုံးဦးကို တင်ဆောင်ထားသည့် ဆိုယုဇ်အာကာသယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ ဒီဇင်ဘာ ၁၅ ရက်က လွှတ်တင်ခဲ့သည်။

ဆိုယုဇ်အာကာသယာဉ်သည် နိုင်ငံတကာ အာကာသစခန်းသို့ ဒီဇင်ဘာ ၁၇ ရက်တွင် ဆိုက်ကပ်နိုင်မည်ဟု မျှော်လင့်ရသည်။ အမေရိကန်ပြည်ထောင်စုက ၎င်း၏ ဒစ္စကာဗာရီလွန်းပြန်ယာဉ်ကို ပျံသန်းမှု အနားပေးလိုက်ချိန်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ကမ္ဘာမြေအကြား ဆက်သွယ်ရေးအတွက် ရုရှားနိုင်ငံ၏ ဆိုယုဇ်အာကာသယာဉ်ကိုသာ အားထားရမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ဒစ္စကာဗာရီလွန်းပြန်ယာဉ်၏ ခရီးစဉ်ကို နှစ်ကြိမ်သာ ဆက်လက်လုပ်ဆောင်ရန် စီမံထားပြီး နောက်ပိုင်းတွင် နိုင်ငံတကာ အာကာသစခန်းယာဉ်မှူးများ အကြိုအပို့တာဝန်ကို ရုရှားနိုင်ငံသို့ တာဝန်လွှဲပေးမည်ဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ။**



## ဟာစ်ဇ်ဘိုလာအဖွဲ့ကို အစ္စရေးအနိုင်မယူနိုင်ကြောင်း ကျွမ်းကျင်သူတစ်ဦး သုံးသပ်

**ဂျေရုဆလင် ဒီဇင်ဘာ ၁၇ -** အစ္စရေးနိုင်ငံသည် ဟာစ်ဇ်ဘိုလာ လက်နက်ကိုင်အဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းဖြင့် အောင်မြင်မှုမရနိုင်ကြောင်း၊ အကယ်၍ စစ်ပွဲတစ်ရပ်ထပ်ဖြစ်လာပါက ဟာစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးမြို့ပြများကို အထိနာအောင်လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း အစ္စရေးအမျိုးသားလုံခြုံရေး အကြံပေးဟောင်းက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

လူအင်အား၊ လက်နက်အင်အား ကွာခြားသော်လည်း ဟာစ်ဇ်ဘိုလာအဖွဲ့သည် ၂၀၀၆ ခုနှစ် စစ်ပွဲအတွင်း ခေတ်မီလက်နက်များ တပ်ဆင်ထားသော အစ္စရေးတပ်ဖွဲ့များကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ပြီး အစ္စရေးနိုင်ငံတွင်းသို့ ဒုံးကျည် ၄၀၀၀ ကျော်ဖြင့် ပစ်ခတ်ခဲ့သည်။

အစ္စရေးနိုင်ငံသည် ဟာစ်ဇ်ဘိုလာအဖွဲ့အား မည်သို့ ထိုးနှက်ရမည်ကို မသိကြောင်း အစ္စရေးဝန်ကြီးချုပ်ဟောင်းများဖြစ်သော အေရီယယ်လ်ရှာရွန်နှင့် အီဟွတ်အိုလ်မတ်တို့၏ လက်ထက်၌ အမျိုးသားလုံခြုံရေး အကြံပေးအဖြစ် တာဝန်ယူခဲ့သူ အစ္စရေးစစ်ဘက်အငြိမ်းစား ဗိုလ်ချုပ်ဂီယိုရာအီလန်းက ဆိုသည်။

အစ္စရေးနှင့် ဟာစ်ဇ်ဘိုလာ စစ်ပွဲဖြစ်ခဲ့လျှင် ဟာစ်ဇ်ဘိုလာများ ပို၍အထိနာမည်မှာမှန်သော်လည်း ၎င်းတို့ကလည်း အစ္စရေးမြို့ပြများကို ၂၀၀၆ ခုနှစ်ကထက် ပိုမိုထိုးနှက်တိုက်ခိုက်လိမ့်မည်ဖြစ်ကြောင်း ဂီယိုရာအီလန်းက ပြောကြားသည်။

အစ္စရေးနှင့် ဟာစ်ဇ်ဘိုလာအကြား နောက်ထပ်စစ်ပွဲတစ်ရပ်ဖြစ်လာပါက ယင်းစစ်ပွဲသည် အစ္စရေးနှင့် လက်ဘနွန်နိုင်ငံအကြားစစ်ပွဲဟု သတ်မှတ်နိုင်ပြီး လက်ဘနွန်နိုင်ငံကို အကြီးအကျယ် ထိခိုက်စေမည်ဖြစ်ကြောင်း။ လူတိုင်းနားလည်အောင် လုပ်နိုင်လျှင် နောင်လာမည့် စစ်ပွဲကို တားဆီးနိုင်မည်ဟု ဂီယိုရာအီလန်းက သုံးသပ်သည်။ **အမ်အင်အေ၊ ရိုက်တာ။**

## နျူကလီးယားဓာတ်ပေါင်းဖိုအနီး ပျံဝဲနေသော မသင်္ကာဖွယ်ရာ အရာဝတ္ထု အစ္စရေးလေတပ် ပစ်ချ

**ဂျေရုဆလင် ဒီဇင်ဘာ ၁၇ -** အဓိကကျသော နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုတည်ရှိရာ အစ္စရေးနိုင်ငံတောင်ပိုင်း ကောင်းကင်ထက်တွင် ပျံဝဲနေသော သံသယမကင်းဖွယ်ရာ အရာဝတ္ထုတစ်ခုကို အစ္စရေးလေတပ်က ဒီဇင်ဘာ ၁၆ ရက်တွင် ပစ်ချခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ သင်္ကာမကင်းဖွယ်ရာ အရာဝတ္ထုသည် မိုးပျံပူဖောင်းတစ်လုံးဖြစ်ဖွယ်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။ အစ္စရေးလေတပ်က ယင်းပြဿနာကို ကိုင်တွယ်ဖြေရှင်းစဉ်အတွင်း တဲလ်အဗစ်မြို့တော်နှင့် ပင်လယ်နီအပန်းဖြေမြို့ အီလက်တို့အကြား ပျံသန်းသော လေကြောင်းခရီးစဉ်များကို ရပ်ဆိုင်းခဲ့ကြောင်း အစ္စရေးစစ်ဘက်၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။ ဒီမိုနာမြို့အနောက်ဘက် နျူကလီးယားဓာတ်ပေါင်းဖိုရှိရာ ဒေသအထက်တွင် ပျံဝဲနေသော သံသယရှိဖွယ်အရာဝတ္ထုကို အစ္စရေးလေတပ်က ပင်လယ်သေအနီးတွင် ပစ်ချခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးအသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

ဒီမိုနာ နျူကလီးယားဓာတ်ပေါင်းဖိုတည်ရှိရာဒေသ၌ လေကြောင်းပျံသန်းမှုဆိုင်ရာ ကန့်သတ်ချက်များကို အစ္စရေးနိုင်ငံက ချမှတ်ထားသည်။ ယင်းနျူကလီးယားစက်ရုံ၌ အစ္စရေးနိုင်ငံသည် နျူကလီးယားလက်နက်များ ထုတ်လုပ်နေကြောင်း ပြည်ပပညာရှင်များက သုံးသပ်သည်။

သို့ရာတွင် အစ္စရေးနိုင်ငံသည် ၎င်း၏ ချမှတ်ထားသော မူဝါဒအရ နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားသည်ဟူသော စွပ်စွဲချက်ကို ငြင်းပယ်ခြင်း မပြုသကဲ့သို့ အတည်ပြုခြင်းလည်း မရှိခဲ့ပေ။ **အေပီ။**



**အစ္စရေးနိုင်ငံတောင်ပိုင်း သဲကန္တာရဒေသအတွင်းရှိ ဒီမိုနာ နျူကလီးယားဓာတ်ပေါင်းဖို။**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသာဌေး၊ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက အသီးသီး ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



# အထက(၃) အလုံ အငြိမ်းစားအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

အထက(၃) အလုံ ကျောင်းသူဟောင်းများ၏ အငြိမ်းစားအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၃)အလုံ သီရိရတနာ ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာမများဖြစ်သော ဆရာမ ဒေါ်လီလီအေးရင်၊ ဒေါ်ကျင်အေး၊ ဒေါ်မြသိန်း၊ ဒေါ်စန်းစန်း၊ ဒေါ်သန်းသန်းညွန့်၊ ဒေါ်ခင်ခင်၊ ဒေါ်ဗစ်တိုးရီးယားလူ၊ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ထူးထူးအောင်၊ ဒေါ်ခင်သန်းရီ၊ ဒေါ်ကြည်မြင့်၊ ဒေါ်စန်းစန်းကြည်၊ ဒေါ်နန့်အုန်းမြင့်၊ ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်အမာကြည်၊ ဒေါ်အေးသန်း၊ ဒေါ်တင်မိ၊ ဒေါ်စီစီဝင်း၊ ဒေါ်စန်းဦး၊ ဒေါ်ဌေးဌေးဝင်း စသည့် ဆရာမများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လက်ဆောင်ပစ္စည်းများ လှူဒါန်းလိုပါက ကန်တော့ပွဲနေ့တွင် လာရောက်လှူဒါန်းနိုင်ပြီး ကျောင်းသူဟောင်းများ မပျက်မကွက် ကြွရောက်ကြရန် ကျင်းပရေးကော်မတီမှ နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

## ဆုချီးမြှင့်

**၂၀၀၉-၂၀၁၀ ပညာသင်နှစ် သဃ်န်းကျွန်းမြို့နယ် အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပရာ စတုတ္ထတန်း ပညာရည်ချွန်ဆုရ မဖူးငုံဆင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်မော်သင်း ဆုချီးမြှင့်စဉ်။** (ပညာရေး)

# ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၁၉၇၃-၁၉၇၇ ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် သူငယ်ချင်းဟောင်းများ တွေ့ဆုံပွဲ ကျင်းပရန် စီစဉ်ထားရာ တန်းခွဲ (၁)၊ (၂)၊ (၃)နှင့် (၄)တို့မှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကိုကျော်တင့် ဖုန်း-၀၁-၇၃၀၁၇၁၈၆၊ ကိုအောင်ကျော် ဖုန်း-၀၉-၅၁၅၀၁၅၈၊ ကိုတိုးဝင်း ဖုန်း-၀၁-၆၆၇၁၇၂၊ မမော်လီ ဖုန်း-၀၉-၈၆၅၅၀၁၁၊ မန္တယ်နွယ်အောင် ဖုန်း-၀၉-၅၀၄၇၃၃၀ နှင့် မလှကျင် ဖုန်း-၀၉-၅၁၃၅၀၄၆ တို့သို့ ဆက်သွယ်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဆီဆိုင်မြို့ မြို့တွင်းလမ်း ကတ္တရာ ထပ်ပိုးလွှာခင်း

**ဆီဆိုင် ဒီဇင်ဘာ ၁၇**

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့တွင်းလမ်းဖြစ်သော ယုဇလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၅ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခွန်ဝင်းမင်းထွန်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးသိန်းမင်းက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

## ဥတုရာသီ တောက်ပိုမိ၏

# EPSON ဆွေးနွေးပွဲတက်ရောက်ရန် မြန်မာအိုင်တီစာနယ်ဇင်းအဖွဲ့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပမည့် အင်ဒိုချိုင်းနားဒေသလုံးဆိုင်ရာ EPSON press conference နှင့် EPSON ထုတ်ကုန်သစ်များ မိတ်ဆက်တင်ပြပွဲကို တက်ရောက်မည့် မြန်မာအိုင်တီ စာနယ်ဇင်းအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ EPSON ကိုယ်စားလှယ်ဖြစ်သော Client Focus Technology မှ တာဝန်ရှိသူများက လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။ **(ယာပုံ)**

အဆိုပါ အိုင်တီနည်းပညာဆိုင်ရာ စာနယ်ဇင်းအဖွဲ့တွင် မြန်မာအိုင်တီ စာနယ်ဇင်းများဖြစ်ကြသော ကွန်ပျူတာဂျာနယ်၊ ပီစီဝေါ်မြန်မာမဂ္ဂဇင်း၊ အင်တာနက်ဂျာနယ်နှင့် နက်ဂိုက်ဂျာနယ်များမှ တာဝန်ခံအယ်ဒီတာများ၊ သတင်းထောက်များ ပါဝင်သောအဖွဲ့က တက်ရောက် ဆွေးနွေးလေ့လာကြမည် ဖြစ်သည်။ အဆိုပါ နည်းပညာဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို မြန်မာနိုင်ငံ အပါအဝင် အင်ဒိုချိုင်းနားဒေသတွင်း နိုင်ငံများဖြစ်ကြသော လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့မှ အိုင်တီဆိုင်ရာ စာနယ်ဇင်းအဖွဲ့ဝင်များပါ တက်ရောက်ကြမည် ဖြစ်သည်။ ဆွေးနွေးပွဲ၌ ကွန်ပျူတာပရင်တာဈေးကွက်တွင် ဦးဆောင်နေသော EPSON ပရင်တာများ၏ ပုံနှိပ်နည်းပညာသစ်များနှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ပြီး မကြာမီ ဈေးကွက်တင်မည့် EPSON ပရင်တာသစ်များ၊ Projector အသစ်များနှင့်ပတ်သက်၍ လေ့လာရေးခရီးများ သွားရောက်လေ့လာကြမည် ဖြစ်သည်။

EPSON အမှတ်တံဆိပ် Ink Jet ပရင်တာများသည် ဒီဇင်ဘာလဆန်းက ထုတ်ပြန်ခဲ့သော ၂၀၁၀ မြန်မာ အိုင်စီတီ စိစစ်တမ်းအရ ၂၀၁၀ ခုနှစ်အတွက် စားသုံးသူအကြိုက် အကောင်းဆုံး အင့်ဂျက်ပရင်တာအဖြစ် မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်း၏ အသိအမှတ်ပြု ဂုဏ်ပြုတံဆိပ်ကို နှစ်နှစ်ဆက်တိုက် ရရှိထားသည့် အမှတ်တံဆိပ်လည်း ဖြစ်သည်။

EPSON ပရင်တာများသည် ၁၉၉၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံ ကွန်ပျူတာ ဈေးကွက်အတွင်း ဝင်ရောက်လာခဲ့ပြီး မြန်မာနိုင်ငံတစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် Client Focus Technology Group Co., Ltd. အမှတ် ၂၅/၂၆ ဘုရင့်နောင်လမ်း ချောင်းဝကျောင်းအနီး လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၁၀၄၄နှင့် ၇၃၀၄၂၈၁၁ က တာဝန်ယူဖြန့်ဖြူး ရောင်းချပေးလျက်ရှိသည်။ လက်ရှိ မြန်မာနိုင်ငံဈေးကွက်တွင် EPSON အမှတ်တံဆိပ် ကာလာအင့်ဂျက်ပရင်တာ၊ ကာလာ လေဆာပရင်တာနှင့် အရွယ်ကြီး ဆိုက်ကြီး ပရင်တာများကို ဝန်ဆောင်မှုပေး ရောင်းချလျက်ရှိသည်။

(သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကာတာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ကာတာနိုင်ငံ ဝန်ကြီးချုပ် ရှိတ် ဟာမတ် ဘင် ယာဆင် ဘင် ဂျာဘီ အယ်(လ်)သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၂-၂၀၁၀ (စနေနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "နှောင်ဖွဲ့မမြင်သံယောဇဉ်" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသဿရ) |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၀၈)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၅)** |
| ၈း၄၅ | Fashion Music Festival (Part-5) |
| ၉း၂၅ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၉း၅၅ | TMW Enterprise မှကျင်းပသော Gaint Sale အထူးဈေးရောင်းပွဲ |
| ၁၀း၁၀ | သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း |
| ၁၀း၃၅ | သွားမယ်စားမယ် (စံတော်ဝင် Food Center ) |
| ၁၁း၀၅ | ပါရမီရှင်က ကုသိုလ်ယူ ပရိယတ္တိအလှူ |
| ၁၁း၁၅ | မြန်မာ့ရုပ်ရှင် နှစ်(၉၀)ပြည့်ဂုဏ်ပြု အစီအစဉ် (အပိုင်း-၂) |
| ၁၁း၅၅ | (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ (သုတေသနစာတမ်းဖတ်ပွဲ) |
| ၁၂း၁၀ | Activities In The City [အလက(၂)တာမွေ၏ မြတ်ဆရာပူဇော်ပွဲ] |
| ၁၂း၃၀ | ပန်းချီပြခန်း (Peace of Mind) |
| ၁၂း၄၀ | ကြည်နူးပီတိဝေဖြာ ရလိုင်ရွာမှ အလှူမင်္ဂလာ |
| ၁း၀၀ | "နှောင်ဖွဲ့မမြင်သံယောဇဉ်" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသဿရ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Goals of the week |
| ၂း၄၅ | VJ Choice |
| ၃း၂၀ | အမ်ပီယာပြည့်ဝတောက်ပစေမည့် အလင်းရောင်တို့အားပေးစွမ်းနိုင်သော TOYO BATTERY |
| ၃း၃၀ | Kid's Show |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၅)** |
| ၄း၅၀ | ဖက်ရှင်လမ်းညွှန် (Romantic Wedding Fair 2010) |
| ၅း၁၀ | Sports Diary |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | Movie Talk [ဒါရိုက်တာကြည်စိုးထွန်း၊ ဒေါ်ချစ်မြစိန်(ရွှေညာမောင်ရုပ်ရှင်)] (အပိုင်း-၅) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၉)** |
| ၇း၂၀ | Fashion Music Festival (Part-6) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | Activities In The City (အပြည်ပြည်ဆိုင်ရာအဘိဓမ္မာ တက္ကသိုလ်၏သင်တန်းဖွင့်ပွဲ အခမ်းအနား) |
| ၈း၄၅ | ပန်းမြို့တော်မှဂီတပွဲတော် အကြိုရင်ခုန်သံစကားများနဲ့ သီချင်းသံများ |
| ၉း၀၀ | သူတို့ဘဝသူတို့ဟာသ (ကိုပြုံးချို) |
| ၉း၂၅ | Barclays Premier League (Blackburm Vs West Ham) |
| ၁၁း၂၅ | သူတို့ပြောတဲ့ သူတို့အကြောင်း (ဟာသသရုပ်ဆောင်ငြိမ်းချမ်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁) |
| ၁၁း၅၅ | Barclays Premier League (Liverpool Vs Fulham) |
| ၁း၅၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၆)** |
| ၂း၄၀ | ခံစားမှုရသစုံလင်. . . အမျိုးသားကန်တော်ကြီးဥယျာဉ် |
| ၃း၀၀ | သူဌေးချောင်း၏ရေအလျင်. . . လျှပ်စစ်စွမ်းအားဂုဏ်အသွင် |
| ၃း၁၀ | 3D ကွဲကော |
| ၃း၂၅ | Hair Style For All (အမျိုးသား၊ အမျိုးသမီး) |
| ၃း၄၀ | World of Knowledge (Cave Rescue) |
| ၄း၂၅ | အသက်ကလေးရယ်တဲ့ရှည်စေလို (ဦးအောင်လွင်၊ ဦးကြည်စိုး၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး) |
| ၄း၄၀ | ရေပျော်ငှက်၏ တောင်ပံခတ်သံ |
| ၅း၀၀ | အစီအစဉ်ပြီး။ |

## Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၁၀ | Sunderland - Bolton | ESPN (Live) |
| ၉း၂၅ | Arsenal - Stoke City | ESPN (Live) |
| | Blackburm - West Ham | STAR SPORTS (Live) |
| ၁၁း၅၅ | Liverpool - Fulham | ESPN (Live) |

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ကာတာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ရှိတ်ဟာမတ် ဘင်ယာဆင် ဘင်ဂျာဘီ အယ်(လ်)သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးမောင်မြင့် အာရှ-အရှေ့အလယ်ပိုင်း ဆွေးနွေးမှု ဝန်ကြီးအဆင့်အစည်းအဝေး တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၇

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အာရှ-အရှေ့အလယ်ပိုင်း ဆွေးနွေးမှု ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။**

အဆိုပါ အစည်းအဝေးကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းမိဖုရား သီရိခေတ် အမျိုးသားကွန်ဗင်းရှင်းဗဟို၌ ကျင်းပရာ ထိုင်းဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ ချာချီဝက အဖွင့်မိန့်ခွန်းပြောကြားကာ ဖွင့်လှစ်ပေးခဲ့ပြီး အစည်းအဝေးသို့ အာရှနှင့် အရှေ့အလယ်ပိုင်း ၃၉ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အာရှနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ပထမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၀၅ ခုနှစ်တွင် စင်ကာပူသမ္မတနိုင်ငံ၌လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို အီဂျစ်နိုင်ငံ ရှမ်အယ်ရှိတ်၌လည်းကောင်း ကျင်းပခဲ့သည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက အစည်းအဝေးသို့ လာရောက်သည့် ကိုယ်စားလှယ်များအား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဗန်ကောက်မြို့သို့ ရောက်ရှိစဉ် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စတာဆွန်ကီယက် ချာယာဆရီဝေါင်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

**ပြန်လည်လိုက်ပါ**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်စိုး၊ နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းနှင့် ညွှန်ကြားရေးမှူး ဦးအောင်လတ်တို့လည်း ပြန်လည်လိုက်ပါလာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**တက်ရောက်**

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် တတိယအကြိမ်မြောက် အာရှ-အရှေ့အလယ်ပိုင်းဆွေးနွေးမှု ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်စဉ်။**
(သတင်းစဉ်)

## (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံးစုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ်လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၈-၁၂-၂၀၁၀(စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၃ | ၂။ | အဖွင့်နှုတ်ခွန်းဆက်စကား |
| ၇း၀၄ | ၃။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၄။ | တရားတော် |
| ၇း၂၀ | ၅။ | ဓမ္မပူဇာတေး |
| ၇း၂၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၇း၃၀ | ၇။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၄၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၅၀ | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၃။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၄။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁း၀၅ | ၂။ | အဖွင့်နှုတ်ခွန်းဆက်စကား |
| ၁၁း၁၀ | ၃။ | နိုင်ငံတော်သီချင်း |
| ၁၁း၂၀ | ၄။ | အဖွင့်သီချင်း |
| ၁၁း၂၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၁၁း၃၀ | ၆။ | **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၁၃)** |
| ၁၂း၀၀ | ၇။ | **ရုပ်မြင်သံကြားဇာတ်လမ်း -ကြောင်နှင့်ကြွက် (မြင့်မြတ်၊ သက်မွန်မြင့်) (ဒါရိုက်တာ-စိုးကျော်ဆန်း)** |
| ၁း၃၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၂း၀၀ | ၉။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၂၄)** |
| ၂း၅၅ | ၁၀။ | အပိတ်နှုတ်ဆက်စကား |
| ၃း၀၀ | ၁၁။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်နှုတ်ခွန်းဆက်စကား |
| ၄း၃၀ | ၃။ | နိုင်ငံတော်သီချင်း |
| ၄း၃၃ | ၄။ | အဖွင့်သီချင်း |
| ၄း၃၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၄း၄၀ | ၆။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၄း၅၀ | ၇။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၅၅ | ၈။ | တိုင်းကျိုးပြည်ပြုတည်ထောင်မှု |
| ၅း၀၀ | ၉။ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၅း၂၀ | ၁၀။ | ကုန်သွယ်သုတ |
| ၅း၄၀ | ၁၁။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၄၅ | ၁၂။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၆း၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၁၄။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၅။ | စားဖိုဆောင်ချစ်သူ |
| ၆း၅၀ | ၁၆။ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၇း၀၀ | ၁၇။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၁၄)** |
| ၈း၀၀ | ၁၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | နိုင်ငံတကာသတင်း |
| | ၂၁။ | မိုးလေဝသသတင်း |
| | ၂၂။ | လျှပ်တစ်ပြက် |
| | ၂၃။ | လူ့ရွှင်တော်စကား |
| | ၂၄။ | အင်္ဂလိပ်စာသုတ |
| | ၂၅။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၆။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၁၆)** |
| | ၂၇။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၁)** |
| | ၂၈။ | သင့်အတွက်မနက်ဖြန် |
| | ၂၉။ | အပိတ်နှုတ်ဆက်စကား |
| | ၃၀။ | ပြီးပါပြီ။ |

## စီးပွားရေးတက္ကသိုလ် ဘောဂဗေဒ ၁၉၈၄ ခုနှစ် ကျောင်းနေဖက်သူငယ်ချင်းများ တွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သော စီးပွားရေးတက္ကသိုလ်၏ အာစရိယပူဇော်ပွဲတွင် စုပေါင်းကန်တော့ကြပြီးနောက် ၁၉၈၂-၈၄ ဘောဂဗေဒဘာသာရပ်တွင် အတူတက်ရောက်ခဲ့ကြသော သူငယ်ချင်းများ ယင်းနေ့နံနက် ၁၁ နာရီခွဲတွင် ပင်မစီးပွားရေးတက္ကသိုလ်ရှေ့၌ သီးသန့်ပြန်လည်တွေ့ဆုံမည်ဖြစ်သဖြင့် ကိုကျော်သန်းစော ဖုန်း-၀၉-၅၀၃၅၃၉၁၊ ကိုထွန်းလင်းကြည် ဖုန်း-၀၉-၅၁၄၉၈၀၆၊ ကိုတင်ထွန်းဦး ဖုန်း-၀၉-၅၁၀၉၄၉၅၊ ကိုသာဒင် ဖုန်း-၅၄၁၁၁၉၊ ကိုဇော်အောင်ခိုင် ဖုန်း-၀၉-၅၁၄၆၁၇၆၊ ကိုသန်းထွန်း ဖုန်း-၂၆၉၅၄၃၊ မမြတ်မြတ်သောင်း ဖုန်း-၇၃၀၅၉၁၁၃၊ မယဉ်ယဉ်ထွေး ဖုန်း-၆၄၅၈၃၀၊ မခိုင်ခိုင်ဦး ဖုန်း-၀၉-၈၆၁၁၂၇၅၊ မအေးအေးထွန်း၊ ဒေါ်အေးအေးလှိုင် (ဆန္ဒမွန်ဆေးတိုက်) တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့



**ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန စမ်းချောင်းမူလတန်းကြိုကျောင်း ရင်သွေးငယ်တို့၏ ကာယစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ပင်ပေါင်ဖွန်းကိုက် ပြေးပွဲမှ ပထမဆုရ မလင်းပြည့်စုံဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာ ဆုပေးအပ်ချီးမြှင့်စဉ်။**
(၁၀၆)

## ရန်ကုန်တက္ကသိုလ်မြန်မာစာပါမောက္ခ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ပညာသင်ကြားပို့ချပေးခဲ့ကြသော အသက်(၇၀)နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၅၅ ဦးအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ မြန်မာစာမိသားစုဝင်အားလုံး ကြည်နူးစွာ ပြန်လည်တွေ့ဆုံနိုင်ရန်နှင့် ကျေးဇူးရှင်ဆရာသခင်တို့အား စုပေါင်းကြည်ညိုပူဇော်နိုင်ရန် မပျက်မကွက်တက်ရောက်ကြပါရန် အာစရိယပူဇော်ပွဲ အခမ်းအနားကျင်းပရေးအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)



ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် တော်ဝင်ယာဉ်လိုင်း နေပြည်တော်-ဘားအံယာဉ်လိုင်းသစ် စတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

## ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် တော်ဝင်ယာဉ်လိုင်းမှ နေပြည်တော်-ဘားအံလိုင်းသစ်ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဗန္ဓုလ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် တော်ဝင်ယာဉ်လိုင်းက နေပြည်တော်-ဘားအံ ယာဉ်လိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ရက် ညနေ၄နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း မထသရုံးခန်းရှေ့၌ ကျင်းပရာ ပြည်နယ် အတွင်းရေးမှူး ဦးအုန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲ တပ်ဖွဲ့မှူး၊ မထသဥက္ကဋ္ဌနှင့် ယာဉ်လိုင်းများမှ ဂိတ်မှူးများ၊ တော်ဝင်ယာဉ်လိုင်း ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီး(ငြိမ်း) တို့က တက်ရောက်ဖွင့်လှစ်ပေးကြသည်။

အဆိုပါယာဉ်လိုင်းတွင် ခရီးသည် ၃၀ဆံ့ အဆင့်မြင့် Air Con Mini Bus လေးစီးဖြင့် နေပြည်တော် ဘောဂသိရိ ကားဝင်းမှ နေ့စဉ် နံနက် ၇နာရီတွင် လည်းကောင်း၊ ဘားအံအဝေးပြေးကား ဝင်းမှ ညနေ ၅နာရီတွင် လည်းကောင်း ထွက်ခွာမည်ဖြစ်ပြီး လမ်းခရီး၌ တောင်ငူ ဘုရားကြီးလမ်းဆုံနှင့် ဘီးလင်းမြို့များတွင် ခေတ္တရပ်နားပေးမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းသစ် မကြာမီဖွင့်လှစ်တော့မည်

နေပြည်တော် ဒီဇင်ဘာ ၁၇

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေပြီး ဒေသအသီးသီး၏ ဖွံ့ဖြိုးမှုတစ်ပြေးညီတိုးတက်စေရန် မီးရထားကွန်ရက်လမ်းသစ်များကို ဖောက်လုပ်ဖွင့်လှစ်ပေးလျက်ရှိသည့်အနက် ကျိုင်းတုံ-ဝမ်ကောင်း ရထားလမ်းပိုင်းသစ်ကိုလည်း ဖောက်လုပ်ပြီးစီးပြီဖြစ်၍ မကြာမီဖွင့်လှစ်တော့မည် ဖြစ်သည်။**

ကျိုင်းတုံ- ဝမ်ကောင်း ရထားလမ်းပိုင်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ မိုးနဲ-ကျိုင်းတုံရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းက ၂၀၀၉ခုနှစ် ဧပြီ ၄ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ရထားလမ်းအရှည် (ခရီးမိုင်) ၅ဒသမ ၆၀မိုင်၊သံလမ်းမိုင် ၆ဒသမ ၆၀မိုင်ရှိသည်။ တံတားကြီး၊ တံတားငယ် စုစုပေါင်း ၁၇စင်း တည်ဆောက်ခဲ့ရသည်။ အများဆုံး ကွေ့ဒီဂရီ ၁၀ ဒီဂရီရှိပြီး ကွေ့ပေါင်း၁၈ကွေ့၊ အများဆုံးဆင်ခြေလျှော ၁း၀၀ ရှိကာ မြေကြီးလုပ်ငန်းပမာဏ ၈၃၈၀၀၀ ကျင်း ဆောင်ရွက်ခဲ့ပြီး အများဆုံးဖို့မြေအမြင့်ပေ ၁၀၀၊ အများဆုံးဖြတ်မြေအမြင့်ပေ ၁၃၀တို့ဖြစ်သည်။ ဘူတာရုံများအနေဖြင့် ကျိုင်းတုံဘူတာနှင့် ဝမ်ကောင်းဘူတာရှိသည်။ ရထားလမ်းပိုင်းသစ် ဖြတ်သန်းရာ ကျေးရွာများ၏ ခရီးသည်နှင့် ကုန်ပစ္စည်းများကို စရိတ်စကသက်သာစွာ သယ်ယူပို့ဆောင်သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားသည်ဟု သိရှိရပြီး ကျန်ရှိနေသည့် လမ်းပိုင်းများလည်း ဆက်လက်ဖွင့်လှစ်နိုင်ရန် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(ဇော်မင်းလတ်-သတင်းစဉ်)



## ဝမ်းစာဖူလုံနိုင်ရေး စံကွက်ရိတ်သိမ်း

**ကန့်ဘလူ ဒီဇင်ဘာ ၁၇**

ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များဖြစ်ကြသည့် ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ မြို့နယ်မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ကွင်းဝန်ထမ်းများစုပေါင်းပြီး ၂၀၁၀-၂၀၁၁ ခုနှစ် စပါးစိုက်ဧက ၁၄၅၁၅၄ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်ရာ မျိုးကွဲရှစ်မျိုးအနက် မနော်ဟရီမျိုးစပါး (သင့်) စံကွက်ရိတ်သိမ်းခဲ့ရာ(ဝဲပုံ) တစ်ဧက ၇၅တင်းထွက်ရှိခဲ့၍ ဒေသဝမ်းစာဖူလုံပိုလျှံမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

# TECH Training Centre ၏ City and Guilds အင်ဂျင်နီယာသင်တန်းများ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

TECH Training Centre ကို ၁၉၉၈ ခုနှစ်က စတင်ဖွင့်လှစ်ပြီး City and Guilds (UK)၏ အင်ဂျင်နီယာ ဘာသာရပ်များကို စဉ်ဆက်မပြတ် လေ့ကျင့်ပို့ချလာခဲ့ရာ Advanced Diploma နှင့် Diploma သင်တန်းသား ၅၀၀၀ကျော်သည် သက်ဆိုင်ရာ အောင်လက်မှတ်များ ရရှိပြီးဖြစ်သည်။ Advanced Diploma နှင့် Diploma သင်တန်းများကို တစ်နှစ်မှ တစ်နှစ်နှင့် ခြောက်လခန့် City and Guilds မှ ပြဋ္ဌာန်းထားသော သင်ရိုးများအပြင် ပြည်တွင်းပြည်ပ၌ အသုံးတည့်မည့် သင်တန်းများကိုပါ ပေါင်းစပ်လေ့ကျင့်ခဲ့သည်။

Mechanical and Electrical (M&E) , Civil (Construction), Mechatronics, Mechanical, Electrical Powerနှင့် Electronics ဘာသာရပ်များကို Advanced Diploma နှင့် Diploma အောင်လက်မှတ်များ ရရှိရန် တစ်နှစ်မျှ တက်ရောက်သင်ယူနိုင်ပြီး Electronic, Mechanical, Electrical installation, Air- Conditioning and Refrigeration နှင့် Plumbing ဘာသာရပ်များကို Diploma ဘွဲ့ ရရှိရန် ခြောက်လမျှ တက်ရောက်ရသည်။ ယင်းဘာသာရပ်များကို ၂၅ ရာခိုင်နှုန်း discount ဖြင့်လက်ခံသည်။

Theory ဘာသာရပ်ကို နှစ်စဉ် ဇွန်လနှင့် ဒီဇင်ဘာလလယ်တို့တွင် စတင်ဖွင့်လှစ်ပြီး ဘာသာရပ်တစ်ခုလျှင် ရက်သတ္တတစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ၄ နာရီကြာ ပို့ချသည်။

City and Guilds မှ ပြဋ္ဌာန်းထားသော CACနှင့် Auto CAD ခေါ် ကွန်ပျူတာဆိုင်ရာလေ့ကျင့်ခန်း၊ Manual Drawing ခေါ်လက်တွေ့ပုံရေးဆွဲခြင်း၊ Electrical and Electronic, Civil (Construction), Mechanical နှင့် Mechatronic ဘာသာရပ်ဆိုင်ရာ လက်တွေ့လေ့ကျင့်ခန်းသင်တန်းအတွက် ကွင်းဆင်းလေ့လာရေးခရီးများ သွားရောက်သည်။ Tech သင်တန်းကျောင်း၏ Workshopများ၊ Praticallab များတွင် engine efficiency သင်တန်းများ၊ Programmable Logic Control သင်တန်း၊ Electrical repairing Course, Applied Electrical Course ခေါ် Electrical နှင့် Electronic အသုံးအဆောင်ပစ္စည်းများ သုံးစွဲ၊ ပြင်ဆင်၊ ပြုပြင်မှု သင်တန်းများ၊ Welding အခြေခံသင်တန်းများနှင့် Wiring သွယ်တန်းခြင်း များကိုပါ ပို့ချသည်။

အသေးစိတ်သိရှိလိုပါက အမှတ်(၁၁) အောင်မြေသာစည်လမ်း ဆင်ရေတွင်းမှတ်တိုင်အနီး ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၃၅၇၉ နှင့် ၇၁၀၄၃၆၈၁ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မအူပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ (၅၆)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့ ) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ခမ်းမရုံ၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများ၊ အသင်းဝင်ပြီးသူများ၊ အသင်းမဝင်ရသေးသူများနှင့် မိသားစုများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသက်(၇၅)နှစ်ပြည့်ပြီး ကန်တော့ခံအသင်းဝင်များ၊ ပါရဂူဘွဲ့ရရှိပြီးသူများ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသော အသင်းဝင်များနှင့် အသင်းဝင် သားသမီးများသည်လည်းကောင်း၊ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသူများသည်လည်းကောင်း ကိုယ်ရေးအချက်အလက်နှင့် အထောက်အထားပြည့်စုံစွာဖြင့် ဦးစိန်မင်း ဖုန်း-၃၇၁၆၇၂၊ ဒေါ်ခင်ခင်ရီ ဖုန်း-၅၁၀၆၂၄၊ ဦးမြစိုး ဖုန်း-၅၂၇၁၈၂၊ ဦးမြင့်သိန်း ဖုန်း-၃၈၅၀၇၈နှင့် ၀၉-၅၁၉၀၃၈၆၊ ဦးစိန်မြင့် ဖုန်း-၅၆၄၀၉၃နှင့် ဦးသိန်းဌေး ဖုန်း-၀၉-၅၁၉၁၆၅၅တို့သို့လည်းကောင်း၊ နီးစပ်ရာ အမှုဆောင်များထံသို့လည်းကောင်း ဒီဇင်ဘာ ၁၇ရက် နောက်ဆုံးထား ပေးပို့ရန်နှင့် အလှူငွေများကိုလည်း ထည့်ဝင်လှူဒါန်းကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# မိုးစပါးစံကွက် ဧက ၇၀၀ ရိတ်သိမ်း စပါးတင်း ၁၂၀၆၀ ထွက်ရှိ

**တပ်ကုန်း ဒီဇင်ဘာ ၁၇**

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို မကျီးကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၄၅၁) ဦးပိုင်အမှတ်(၄၅)တောင်သူ ဦးကျော်လေး၏ လယ်၌ ဒီဇင်ဘာ၁၅ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းနိုင်၊ မြို့နယ် မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူးဦးမြင့်သိန်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျင်မောင်၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များနှင့် ကျေးရွာ ဥက္ကဋ္ဌ မြေစာရင်းနှင့် စိုက်ပျိုးရေးမှ ကွင်းဝန်ထမ်းများတက်ရောက်ကြသည်။

စိုက်ပျိုးထားသော မျိုးသန့်အဆင့် (၁)ဆင်းသုခ စပါးမျိုးစိုက်ဧက ၇၀၀တွင် စံကွက်ရိတ်သိမ်းခဲ့ရာ **(အပေါ်ပုံ)** အဆိုပါ စံကွက်မှ စပါးအထွက်နှုန်းတင်း ၁၂၀၆၀ နှုန်းဖြစ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)



## မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း လေ့လာရေးအဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံမှ ပဲမျိုးစုံ ပြည်ပသို့ ပိုမိုတင်ပို့ရောင်းချရေးအတွက် အဓိက ကုန်ဝယ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းသူများ အသင်းနှင့်တွေ့ဆုံခြင်း၊ လက်လီ၊ လက်ကား ကုန်စည်ဒိုင်များ၏ သိုလှောင်မှု၊ ကုန်စည်စီးဆင်းမှု၊ ဈေးနှုန်းပြောင်းလဲမှုအခြေအနေများကို လေ့လာနိုင်ရန်နှင့် ပဲစိုက်ပျိုးရာ ဒေသများသို့ ကွင်းဆင်းလေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင် ဦးဆောင်၍ အဖွဲ့ဝင် ခုနစ်ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် ဒီဇင်ဘာ ၁၃ရက်နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာရာ **(အပေါ်ပုံ)** ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသောဦးအောင်နိုင်၊ ဦးကျော်စန်းမိုး၊ ဦးသောင်းဟန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ၌ မိုးရာသီတွင် စိုက်ပျိုးခဲ့သော ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင် သစ်တောစိုက်ခင်းတစ်ဧကအား ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းတို့ ဒီဇင်ဘာ ၁၇ရက်က ကွင်းဆင်းစစ်ဆေးစဉ်။** (သစ်တောဦးစီး)



သွေးသည် အသက် သင့်သွေးဖြင့် အသက်ကယ်ပါ



**❏ ကျောဖုံးမှ**

ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဗိုလ်ချုပ်စိုးဝင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သောင်းအေး၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်ရာပြည့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်ဝင်း၊ ဗိုလ်ချုပ်ကျော်ဆွေ၊တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ သည့် ဦးဌေးဦး၊ ဦးအောင်သောင်း၊ ဦးခင်မောင်မြင့်၊ ဦးသောင်း၊ ဦးအုန်းမြင့်၊ ဦးဇော်မင်း၊ ဦးသိန်းဇော်၊ ဦးလွန်းသီ၊ ဒေါက်တာကျော်မြင့်၊ ဒေါက်တာချမ်းငြိမ်းနှင့် ဦးသိန်းအောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်လှမြင့်၊ ဗိုလ်ချုပ်ကျော်ညွန့်၊ ဗိုလ်ချုပ်သန်းစိုး၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်မှူးချုပ်နေလင်း၊



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းဌေး၊ တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ်(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကျော်ဖြိုး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြ

**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပစဉ်။** (သတင်းစဉ်)

ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်ညဏ်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြထွန်းဦး၊ မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊

## ဂုဏ်ပြုချီးမြှင့်စကားပြောကြား

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် မိဘများအား ဂုဏ်ပြုချီးမြှင့်စကားပြောကြားစဉ်။** (သတင်းစဉ်)



တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ညိုစောနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**တပ်မတော် နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

### အလေးပြုခြင်းခံယူ

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။



ယင်းနောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေ...
က တပ်မတော်နည်းပညာတက္ကသိုလ် ဗိ...
(၁၃)မှ အကောင်းဆုံး အင်ဂျင်နီယာဆုရ...



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၈-၁၂-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ ကဗျာပန်းဥယျာဉ်
၈း၁၅ ၈။ အကပြိုင်ပွဲ
၈း၂၅ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ Local Talent
၈း၅၅ ၁၂။ “သူငယ်ချင်းမရှိတဲ့ဥပဒေ”
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၂၀ ၅။ Yan Can Cook
၁း၄၀ ၆။ ‘မဟော်သဓာ” (အပိုင်း-၁၂)
၂း၀၅ ၇။ ပြည်နယ်ရိက္ခာတိုးပွားဖူလုံ ရှမ်းရိုးမမွေးမြူရေးဇုန်
၂း၁၅ ၈။ သူရေးသီရာတေးကဗျာ
၂း၃၀ ၉။ အတီးပြိုင်ပွဲ
၂း၅၀ ၁၀။ International News
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ မျိုးမြိုးကြွကြွယဉ်ကျေးမှုအက
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ တေးသရုပ်ဖော်အစီအစဉ်
၄း၄၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀ ၈။ တေးဂီတအစီအစဉ်
၅း၂၀ ၉။ “စိုက်ပျိုးစွမ်းအားမြှင့်တင်ဖို့ စိုက်ပျိုးရေးကိုထိန်းသိမ်းစို့”
၅း၂၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ အလှူရှာမယ် လှူကမ္ဘာဝယ်
၆း၃၅ ၁၄။ ယဉ်တစ်ကိုယ်မယ်
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စမ်းရေပမာ”(အပိုင်း-၆)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (အပိုင်း-၈၃)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဘဝမိုးတိမ်” (အပိုင်း-၁၉)**
၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
၂၂။ အစီအစဉ်ပြီး၏။

## ...ကြား

...န်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ...းဦးနှင့် မိဘများအား ဂုဏ်ပြုချီးမြှင့် (သတင်းစဉ်)





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃)မှ အကောင်းဆုံး အင်ဂျင်နီယာဆုရ ဗိုလ်လောင်း သက်လွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃)မှ စာပေထူးချွန်ဆုရ ဗိုလ်လောင်း ကျော်သီဟန်အား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)မှ လေ့ကျင့်ရေးထူးချွန်ဆုရ ဗိုလ်လောင်း မင်းလွင်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

...စာနှင့် ...းဆင်း ...မှူးကြီး ...ည်။ ...တပ်ခွဲ

**တပ်မတော် နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)



ဗိုလ်လောင်း သက်လွင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၃၉၉၆) ဗိုလ်လောင်း မင်းလွင်ဦးနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၃၉၀၇) ဗိုလ်လောင်း ကျော်သီဟန်တို့အား ဆုများ အသီးသီးချီးမြှင့်သည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် ယင်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တက်ရောက်လာကြသူများ

**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)



...ယ်ရေး ...ခလေး

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃)မှ အကောင်းဆုံး အင်ဂျင်နီယာဆုရရှိသူ ဗိုလ်လောင်းအမှတ် (၄၀၅၁)





**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)



**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

...ငံ့ ...စ္စ" ...မယ် ...ယ် ...တွဲ ...း-၆)

၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၈၃)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၁၉)**
၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
၂၂။ အစီအစဉ်ပြီး၏။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

### ပြန်လည်ထွက်ခွာ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

## အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၁၇

တရားရုံးချုပ် (မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် (မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးစိန်လှိုင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) ၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုလေးမှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဝန်းသိုမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ရန်ကုန် ဒီဇင်ဘာ ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဝန်းသိုမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးတင်ဝင်းနှင့် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊မြို့နယ်မြေစာရင်းဦးစီးဌာနမှဝန်ထမ်းများသည် နိုဝင်ဘာ ၂၆ရက်တွင် ဝန်းသိုမြို့နယ် အာမခံကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၉၇-က) ဦးပိုင်အမှတ်(၈၂) တောင်သူဦးတင်မောင်၏မှော်ဘီ(၂)မျိုးသန့်စပါး ၂ ဒသမ ၄၆ ဧကတွင် မိုးစပါးစံကွက်စုပေါင်းရိတ်သိမ်းမှုကို ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)** အဆိုပါစံကွက်မှ တစ်ဧကလျှင် ခြောက်သွေ့ပြီးစပါး ၈၆ ဒသမ၈၇ တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)



## မျိုးမြတ်မြတ်မြင့်မောင်၏ အဏ္ဏဝါသက်သေ ဝတ္ထုတိုများစာအုပ် ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

စာရေးဆရာ မျိုးမြတ်မြတ်မြင့်မောင်၏ အဏ္ဏဝါသက်သေ ဝတ္ထုတိုများ စာအုပ်ကို အောင်စံမြင့်၏ မျက်နှာဖုံးပန်းချီဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

**ဝတ္ထုတို ၁၆ ပုဒ်ပါဝင်**

ယင်းစာအုပ်တွင် မေယုကျွန်းမှ အောင်ပွဲတစ်ခု၊ ကျေနပ်တယ်နွယ်၊ အဆစ်နဲ့အလကား၊ အဖေ ကျွန်တော်သားနှင့်ဆေးလိပ်၊ ရေပြာပြာပတ်ဝန်းတောင်ယွန်းယွန်းဆီမှ ပုံရိပ်များ၊ လှူ့သဘော လှူမနော၊ လေအစုန်ရေစုန်နှင့် လှေကြုံလိုက်သော်၊ အဏ္ဏဝါသက်သေ၊ ဘဝဖော်၊ ကွန်မန်ဒို (၅၈)၊ တစ်နပ်စား၊ ကျွန်တော့်တပည့်ကျော် ပေသီး (ခေါ်) ဒိုလေး၊ ကျီးထက်မိုက်တဲ့၊ ရဲဘော်လိမ်လိမ်မာမာနေ ချွေချွေတာတာသုံး တက်တက်ကြွကြွလုပ်၊ သားဖြစ်တဲ့ ကျွန်တော့်အဖေ၊ ဖြတ်သန်းခဲ့ရသည့် မှတ်တမ်းဒိုင်ယာရီစာမျက်နှာများ စသည်ဖြင့် ဝတ္ထုတို ၁၆ ပုဒ် ပါဝင်သည်။

အဆိုပါ ဝတ္ထုများမှာ တပ်မတော်(ရေ)နှစ်လည် မဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်းနှင့် ငွေတာရီမဂ္ဂဇင်းတို့တွင် ဖော်ပြခဲ့ပြီးသော ဝတ္ထုတိုများဖြစ်ပြီး တပ်မတော် (ရေ) စစ်မှုထမ်းတို့၏ ဘဝတစ်စိတ်တစ်ပိုင်း၊ လူမှုပတ်ဝန်းကျင်တွင် ဖြစ်လေ့ဖြစ်ထရှိသော အကြောင်းအရာ၊ မိသားစုတို့တွင် ကြုံတတ်၊ ဖြစ်တတ်သော သဘောသဘာဝတို့ကို စာရေးသူ၏ကိုယ်တွေ့နှင့် ပေါင်းစပ်တင်ပြထားသော ဝတ္ထုတိုများဖြစ်သည်။

ပင်လယ်ပြာမှ သားကောင်းများကို ဂုဏ်ပြုရေးသားထားသည့် အဏ္ဏဝါသက်သေဝတ္ထုမှ " တကယ်တော့လည်း ကျွန်တော်တို့လို တပ်မတော် (ရေ) စစ်မှုထမ်းများအဖို့ သက်စွန့်ကြိုးပမ်း အမှုထမ်းရသည့် ဖြစ်စဉ်များနှင့် စွမ်းစွမ်းတမံ အောင်မြင်ထင်ရှားခဲ့သော ဖြစ်ရပ်



များကို လက်ဆုပ်လက်ကိုင် သက်သေပြနိုင်ရန်မှာ အဏ္ဏဝါပင်လယ်ပြာမှတစ်ပါး အခြားမရှိပါပြီ" ဟူသော အဆုံးသတ်စာပိုဒ်က သစ္စာလေးချက် ဦးထိပ်ရွက်ပန်ဆင်ပြီး ဒို့တာဝန်အရေး (၃)ပါးကို ပင်လယ်ပြာမှ ထာဝစဉ် ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော် (ရေ)၏ ပုံရိပ်၊ တပ်မတော် (ရေ)၏ စိတ်ထားကို ပီပြင်စွာ ဖော်ညွှန်းနေခြင်းဖြစ်သည်။ (သတင်းစဉ်)

## စတင်ဆင်နွှဲတော့မည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး( ၂၀၁၁)

**ဇင်လင်းထွန်း(မနုဖြူ)**

**မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ H & S Group မှ ဦးဌေးဝင်းနှင့် ဦးစိုင်းဇော်ဇော်တို့ တာဝန်ယူစီစဉ်ပြီး Myanmar Media Group က Media ပိုင်း ကူညီပံ့ပိုးသော တတိယအကြိမ် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး ၂၀၁၁ ဆီမီးဖိုင်နယ် ပထမနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီမှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲ ရုံ-၁ (သုဝဏ္ဏ)၌ ကျင်းပသွားမည်ဖြစ်သည်။**



ထပ်ဆင့်ဒဂုံရွှေအောင်လံရှင် စောငမန်း။

ယခင်နှစ်ကြိမ် ပြိုင်ပွဲများတွင် အလွတ်တန်း ဒဂုံရွှေအောင်လံ ထပ်ဆင့်ရရှိထားသူ စောငမန်း (Ever Green) က သုံးထပ်ကွမ်း ဒဂုံရွှေအောင်လံ ဆုရှင်ဖြစ်နိုင်ရေး ရည်မှန်းချက်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လာသောပွဲ ဖြစ်သည်။

ဒီဇင်ဘာ ၁၉ ရက်ပွဲတွင် ငွေကျပ်သိန်း ၄၀ တန် အလွတ်တန်း ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်၌ စောငမန်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်သူက မန္တလေးအခြေစိုက် လင်းယုန်ရိုးရာလက်ဝှေ့အဖွဲ့မှ မြနန်းတော်ဖြစ်သည်။ မြနန်းတော်တွင် ပထမတန်း ရိုးရာလက်ဝှေ့ကျော်ဖြစ်ထိုက်သည့် အရပ်အမောင်းနှင့် အလုံးအထည်ရှိနေသည်။ လက်သီးအခြေခံ ကောင်းမွန်မှု၊ ခြေအရွေ့အပြောင်းသွက်လက်မှုများက စောငမန်းထက် သာလွန်သည်။ အပူးအချုပ်တွင် လုပ်တတ်ကိုင်တတ်ရှိမှု၌ကား စောငမန်းက များစွာသာလွန်နေသည်။ သို့ရာတွင် အရပ်အမောင်းနှင့် လက်တံရှည်သော မြနန်းတော်က သပ်ရပ်မြန်ဆန်သော ထောက်ဖြောင့်တွဲလုံးများ၊ ကလန့်ဒူး၊ ပင့်ဒူးများဖြင့် ခံစစ်လုံအောင် ပိတ်ဆို့ပြီးမှ ကောင်တာတိုက်စစ်ပြန်ဖွင့်မည်ဆိုလျှင် စောငမန်း အဝင်မလွယ်၊ အပူးခက်ဖြစ်ပြီး မြနန်းတော်၏ လက်သီးများနောက်သို့ အမှတ်ထည့်ပေးနေရသကဲ့သို့ ရှိနိုင်သည်။ ယခုပွဲက အလဲထိုးအဖြေမပေါ်လျှင် ဒိုင်လူကြီးငါးဦး၏ အမှတ်ပေးဆုံးဖြတ်မှုကို ခံယူရမည်ဖြစ်ရာ လက်သီးစွာသော မြနန်းတော်အတွက် ဗိုလ်လုပွဲတက်ရန် မျှော်လင့်နိုင်သော အနေအထားရှိသည်။ လက်ရှိ ထပ်ဆင့်ဒဂုံရွှေအောင်လံပိုင်ရှင် စောငမန်း ပွဲမကြမ်းနိုင်လျှင် ဆီမီး၌ပင် လွှမ်းကျန်ခဲ့



ကြိုးဝိုင်းသမ္မာရင့်ပြီး လက်သီးပြင်းတဲ့ ဂျပန်ပြန် အောင်ဇေယျ။



ဒဂုံရွှေအောင်လံကို ရယူရန်ကြိုးစားမည့် မြနန်းတော်(လင်းယုန်/မန္တလေး)။

ရနိုင်သောကြောင့် မြနန်းတော်၏ လက်သီးများကို အမှုမထားဘဲ ပွဲကြမ်းရပေတော့မည်။

ကျပ်သိန်း ၂၀ တန် အထူး ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင်ထိုးသတ်ကြမည့် လက်ရှိဒုတိယတန်း ဒဂုံရွှေအောင်လံပိုင်ရှင် ၂၀၁၀ လိုက်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ စိုးလင်းဦး (တောင်ကလေး-မျိုးဇာနည်)နှင့် ၂၀၀၉ လိုက်ဝယ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ အောင်ဇေယျ (ဘီလပ်မြေစက်ရုံ) တို့ ပွဲကတော့ ပွဲမကြမ်းမှာ မပူရသောပွဲဖြစ်သည်။

ပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကြရမည့် ပွဲစဉ်များက ကျပ်သိန်း ၂၀ တန် ဒုတိယတန်း ဒဂုံရွှေအောင်လံ ကွာတားဖိုင်နယ် ပွဲစဉ်များဖြစ်သည်။ ဒီဇင်ဘာ ၂၆ရက်တွင် ကျင်းပမည့် ဆီမီးဖိုင်နယ်ပွဲစဉ်သို့ တက်ရောက်နိုင်ရန် အမှားမခံဘဲ အားမာန်အပြည့် ရှုန်းကန်ရင်ဆိုင်ကြရပေတော့မည်။

ဒီဇင်ဘာ ၁၉ ရက်နေ့ ယှဉ်ပြိုင်ထိုးသတ်ကြမည့် အလွတ်တန်း ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ် အထူးတန်း ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်နှစ်ရပ်နှင့် ဒုတိယတန်း ဒဂုံရွှေအောင်လံ ကွာတား ဖိုင်နယ်ပွဲစဉ် လေးရပ် စုစုပေါင်း ပွဲစဉ် ခြောက်ပွဲလုံးသည် ရိုးရာလက်ဝှေ့ဝါသနာရှင်မှန်သမျှ လက်လွှတ်မခံလိုကြသည့်ပွဲများ ဖြစ်နေကြောင်း တွေ့ရသည်။

အဆိုပါ ပွဲစဉ်များအတွက် ဝင်ကြေး အထူးတန်း ငွေကျပ် ၈၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၅၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်ဝယ်ယူနိုင်ရန် ဇော်ပစ်တိုင်းထောင်ဗီဒီယို ၃၅ လမ်း (အလယ်) ဖုန်း-၃၈၇၆၅၀၊ ၀၉-၅၀၈၇၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ။



လက်ရှိဒုတိယတန်း ဒဂုံရွှေအောင်လံ ပိုင်ရှင် စိုးလင်းဦး။

## ရမည်းသင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့၍ ကားလမ်းများ ရေကျော်ခဲ့

**ရမည်းသင်း ဒီဇင်ဘာ ၁၇**

ရမည်းသင်းမြို့နယ်တွင် မိုးစပါးများစတင်ရိတ်သိမ်းနေစဉ် ဒီဇင်ဘာ ၁၀ ရက်၊ ၁၁ ရက်များက ချိန်ခါမဲ့မိုးရွာသွန်းမှုကြောင့် တောင်ပေါ်ဒေသတွင် မိုးများခဲ့ရာ မြို့အရှေ့ဘက်ခြမ်းမှ တောင်ကျရေနီများ ချောင်းလုံးပြည့် စီးဆင်းလာသဖြင့် ရမည်းသင်း -ရွှေမြင်တင် ကားလမ်းနှစ်နေရာတွင် လမ်းများပေါ်ရေကျော်ခဲ့သည်။

မိုးမှာ ဒီဇင်ဘာ ၁၀ ရက်က ရွာလိုက်တိတ်လိုက်ဖြစ်ခဲ့သော်လည်း ဒီဇင်ဘာ ၁၁ ရက်တွင် နေ့ရောညပါ တစ်နေ့လုံး ရွာသွန်းခဲ့သဖြင့် မိုးရေချိန် ၂ ဒသမ ၀၇လက်မ ရှိခဲ့သည်။ တောင်ပေါ်ဒေသမှ တောင်ကျရေနီများသည် ဆိပ်ကုန်းကျေးရွာထိ ချောင်းပြည့်စီးဆင်းလာမှုကြောင့် ဆိပ်ကုန်းကျေးရွာ အထက အနောက်ဘက်နှင့် မှတ်ချစ်ဘုန်းကြီးကျောင်းအနောက်ဘက်တို့တွင် ကားလမ်းများ ရေကျော်ခဲ့ကြောင်း သိရသည်။ (၁၁၅)



**ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ရန်ကုန်-မန္တလေး လမ်းဘေးဝဲ၊ ယာ တစ်လျှောက် ပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအမ်လှသောင်း ကွင်းဆင်းကြီးကြပ်စဉ်။** (သတင်းစဉ်)

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပန်းဘဲတန်းမြို့နယ်၌ ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေး၌ နံနက် ၈ နာရီခွဲတွင် မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု ဟောပြောသရုပ်ပြပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနအကြံပေးအရာရှိရဲသူရဦးသန်းလှိုင်က မီးဘေးကြိုတင်ကာကွယ်ရေးဟောပြော၍ မီးသတ်ဦးစီးဌာနမှူး ဦးစိုးဝင်းက ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားရာ ပြည်သူ ၂၅၀တက်ရောက်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်**



**ဗိုလ်တထောင်မြို့နယ် ၄၄ လမ်း တိုက် (၆၀/၆၄) ၇ဂျီ၊ ၈ ဂျီနေ ကွယ်လွန်သူ ဦးမောင်စိန်-ဒေါ်ခင်ညိုတို့အားရည်စူး၍ သား ကိုမောင်မောင်အေး၊ ကိုဇော်ဇော်၊ ကိုဘာဘူလေး၊ မသီတာအေးတို့က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဘိုးဘွားများအား ဝတ်စုံ ၂၉ စုံနှင့် တစ်နေ့တာ အာဟာရကျွေးမွေးပြီး ပဒေသာပင်အဖြစ် ငွေကျပ် နှစ်သိန်းကို နိုဝင်ဘာ ၁၉ရက်က ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင်လက်ခံစဉ်။** (ကြေးမုံ)

## အထက(၅) အလုံ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

အထက(၅) အလုံ ကျောင်းသား၊ကျောင်းသူဟောင်းများ၏ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်လိုပါက ကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်ကြသော ကိုအုန်းစိန် ဖုန်း- ၀၉-၈၆၁၃၃၇၀၊ ကိုမြင့်သိန်း ဖုန်း-၀၉-၅၁၄၃၉၉၈၊ ကိုဝင်းသူ ဖုန်း-၇၃၀၀၂၅၂၉၊ မကြည်ကြည်လွင် ဖုန်း-၂၀၁၀၃၂၊ ကိုဇော်မြင့် ဖုန်း-၀၉-၅၁၁၅၀၂၊ ကိုကြည်ရွှင် ဖုန်း-၀၉-၅၀၃၅၁၅၁၊ မလှမျိုးနွယ် ဖုန်း-၂၂၆၀၆၃၊ မခင်ခင်လွင် ဖုန်း-၂၁၁၁၃၈နှင့် ကိုသိန်းစိုး ဖုန်း-၂၁၆၂၉၂ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) အားကစားကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်း၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# TMW ၏ Giant Sale ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

TMW Enterprise Ltd. က ကြီးမှူး၍ TMW Giant Sale ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း မဟာစည်ဝင်းရှိ TMW အရောင်းပြခန်း၌ ယနေ့မှ ဒီဇင်ဘာ ၁၉ ရက်အထိ ကျင်းပလျက်ရှိရာ အဆိုပါပွဲတွင် Electronic Brand များဖြစ်သော Sony, LG, T-Home အစရှိသည့် Electronic ပစ္စည်းများ၊ Japan နိုင်ငံလုပ် INAX အမှတ်တံဆိပ် အိမ်အလှဆင်ပစ္စည်းများနှင့် ရေချိုးခန်းသုံး ကြွေပြား၊ ကျောက်ပြား၊ granites များ အပါအဝင် ဖက်ရှင်အဝတ်အစားများကို ရောင်းချပေးမည့် Bossini၊ အိမ်ရာမြေကွက်များ ရောင်းချပေးမည့် မြယမုံနှင့် Family Entertainment အစရှိသည့် Company များမှ အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။ အထူးဈေးနှုန်းဖြင့် ရောင်းချပေးသော ပစ္စည်းများမှာ 32" BX300 (Sony LCD TV) ကို ၃၈၉၀၀၀ ကျပ်၊ Sony Digital Camera (S-2000) များကို ၆၉၀၀၀ ကျပ်၊ လုပ်ငန်းသုံး (အိမ်သုံး)၊ တရားပွဲသုံး 1000 Lm Projector VPL-ES-7 ကို ၄၉၉၀၀၀ ကျပ်၊ VPL-EX100 (New Model-XGA Resolution) ကို ၅၄၉၀၀၀ ကျပ်၊ မြယမုံမှ မြေကွက် (၅) ကွက်တို့ကို အထူးဈေးဖြင့် ရောင်းချပေးခြင်းနှင့် အများပြည်သူသုံး နေရာများတွင် ခင်းကျင်းအသုံးပြုရန် သင့်တော်သော Grade B အဆင့် 8" × 12" ကြွေပြား၊ ကျောက်ပြားများကို အထူးဈေးနှုန်း တစ်ချပ်လျှင် ၈၀ ကျပ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

Newstar မှ Speaker အရွယ်စုံ Watt အစုံတို့ကို လည်းကောင်း၊ JBL 15" SR-8715 ကို အထူးလျှော့ဈေး ကျပ် ၄၀၀၀၀၀ ဖြင့် လည်းကောင်း ရောင်းချပေးလျက်ရှိသည်။

အလားတူ ဟိုတယ်လုပ်ငန်းသုံးအတွက် အထူးသင့်တော်သော 42" PJ250R ကို ကျပ် ၄၉၉၀၀၀ နှင့် ရေခဲသေတ္တာ Minibar ကို ကျပ် ၉၉၀၀၀ တို့ဖြင့် ရောင်းချပေးလျက်ရှိသည်။

ထို့အပြင် TMW Enterprise Ltd., က တင်သွင်းရောင်းချနေသော ပစ္စည်းများအား ပွဲကျင်းပရာ မဟာစည်ဝင်းအတွင်းတွင်သာမက အမြို့မြို့အနယ်နယ်ရှိ Sony, LG, T-Home, Wai Yan Showroom များတွင်ပါ ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်သိရှိလိုပါက TWM Enterprise ဖုန်း-၀၁-၅၄၄၆၆၄၊ ၅၅၆၉၉၇၊ ၅၄၅၉၆၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**TMW Enterprise Ltd., က TMW Giant Sale ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း မဟာစည်ဝင်းရှိ TMW အရောင်းပြခန်း၌ ကျင်းပစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးရွာဖွယ်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၇

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်နှင့် မချမ်းဘောမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မြိတ်မြို့တွင် ၁ ဒသမ ၀၂ လက်မ၊ လောင်းလုံမြို့တွင် သုည ဒသမ ၉၈ လက်မ၊ ချောင်းဆုံမြို့တွင် သုည ဒသမ ၂၈ လက်မနှင့် ထားဝယ်မြို့တွင် သုည ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၁၈ ရက် ညနေထိခန့်မှန်းချက် ။ ။** မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။ ။** လှိုင်းအသင့်အတင့် ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

နိုင် ငံ တ ကာ အား က စား သ တင်း နိုင် ငံ တ ကာ အား က စား သ တင်း နိုင် ငံ တ ကာ အား က စား သ တင်း

# စတမ်းဖိုဒ်ဘရစ်ခ်ျတွင် ချယ်လ်ဆီးနှင့် မန်ယူတို့ဆုံကြမည့် ပရီမီယာလိဂ် ပွဲစဉ်(၁၈)

ဝင်းတင် (ကြေးမုံ)

စိုးတင့်နိုင်

**ပရီမီယာလိဂ်ပြိုင်ပွဲများ ကျင်းပလာတာ ရာသီတစ်ဝက်ကျိုးခါနီးပြီဖြစ်တာနဲ့ အညီ ပြိုင်ဆိုင်မှုတွေကလည်း ပိုမိုပြင်းထန်လို့လာခဲ့ပါပြီ။ ဒီတစ်ပတ် ပွဲစဉ်(၁၈)မှာလည်း ချယ်လ်ဆီးနဲ့ မန်ယူတို့ထိပ်တိုက်ဆုံတွေ့မှုက ပရိသတ်အကြိုက် ပွဲတစ်ပွဲဖြစ်လာဦးမှာပါ။**

**ချယ်လ်ဆီး-မန်ယူ။ ။** ပွဲစဉ်(၁၇) အပြီးမှာ ချယ်လ်ဆီးက စတုတ္ထနေရာမှာ ရှိနေပြီး မန်ယူက တစ်ပွဲလျော့နဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေပါတယ်။ ချယ်လ်ဆီးခြေယိုင်နေသလို ဖိအားတွေလည်း ဝင်နေပါတယ်။ မန်ယူကတော့ ရစ်သမ်မှန်စပြုလာပြီး ရလဒ်ပိုင်းကလည်း ကောင်းလာပါတယ်။ ဒါပေမယ့် မန်ယူဟာအမှတ်ပေးဇယားထိပ်မှာရှိနေပြီး အာဆင်နယ်နဲ့ မန်စီးတီးတို့ရဲ့ ခြိမ်းခြောက်မှုလည်း ခံနေရတာကြောင့် သရေကျရင်တောင် ဖယ်ပေးရမယ့်အနေအထားပါ။ ချယ်လ်ဆီးကလည်း ခြောက်ပွဲဆက်တိုက် နိုင်ပွဲပျောက်တဲ့အနေအထားကို အဖြစ်ခံမှာမဟုတ်တာကြောင့် ဒီပွဲမှာ ချယ်လ်ဆီးအသာရနိုင်ပြီး မန်ယူနောက်တန်း တောင့်တင်းမှုကြောင့် သရေကျသွားရင်လည်း အံ့သြစရာတော့ ရှိမယ်မထင်ပါဘူး။

**အာဆင်နယ်-စတုတ်စီးတီး ။ ။** ဒုတိယနေရာက အာဆင်နယ်ဟာ ချယ်လ်ဆီးနဲ့ မန်ယူ ထိပ်တိုက်ဆုံတွေ့နေမှုကို အခွင့်အရေးယူပြီး အမှတ်ပေးဇယားကို ဦးဆောင်လာနိုင်အောင် ကြိုးစားဖို့ရှိနေပါတယ်။ အာဆင်နယ်လူစုံနေပြီး ကစားကွက် အထူးကောင်းမွန်နေပေမယ့် အဆင့်(၁၂)က စတုတ်စီးတီးကလည်း လျှော့မတွက်သင့်တဲ့ အသင်းပါ။ ဒီပွဲမှာ အိမ်ရှင်အာဆင်နယ် ခြေစွမ်းပိုင်းအသာစီးရမှာ သေချာပေမယ့် အနိုင်သုံးမှတ်ကတော့ ခက်ခက်ခဲခဲ ကစားပြီးမှ ရယူနိုင်မှာပါ။



**ဘိုင်ယန်မြူးနစ်မှ ခေါ်ယူမည့် ကွင်းလယ်ကစားသမား လူးဝစ် ဂက်စ်စတာဗို။**

**ပွဲစဉ် (၁၈) ပွဲစဉ်များ**

**၁၈-၁၂-၂၀၁၀ (စနေနေ့)**

| | | | | |
|---|---|---|---|---|
| ည ၇း၁၅ နာရီ | ဆန်းဒါးလန်း | - | ဘော်လ်တန် |
| ည ၉း၃၀ နာရီ | အာဆင်နယ် | - | စတုတ်စီးတီး |
| ည ၉း၃၀ နာရီ | ဘာမင်ဂမ် | - | နယူးကာဆယ် |
| ည ၉း၃၀ နာရီ | ဘလက်ဘန်း | - | ဝက်စ်ဟမ်း |
| ည ၉း၃၀ နာရီ | ဝီဂန် | - | ဗီလာ |
| ည ၁၂ နာရီ | လီဗာပူး | - | ဖူလ်ဟမ် |

**၁၉-၁၂-၂၀၁၀ (တနင်္ဂနွေနေ့)**

| | | | |
|---|---|---|---|
| ညနေ ၆း၃၀ နာရီ | ဝက်စ်ဘရွန်း | - | ဝုလ်ဗာဟမ်တန် |
| ည ၈း၀၀ နာရီ | ဘလက်ပူးလ် | - | စပါး |
| ည ၁၀း၃၀ နာရီ | ချယ်လ်ဆီး | - | မန်ယူ |

**၂၁-၁၂-၂၀၁၀ (အင်္ဂါနေ့)**

| | | | |
|---|---|---|---|
| နံနက် ၂း၃၀ နာရီ | မန်စီးတီး | - | အဲဗာတန် |

## ဟော့ဖန်ဟိန်းအသင်း ကွင်းလယ်ကစားသမားကို ဘိုင်ယန်မြူးနစ်ခေါ်ယူမည်

**မြူးနစ် ဒီဇင်ဘာ ၁၇**

ဘိုင်ယန်မြူးနစ်အသင်းသည် လာမည့်ဆောင်းရာသီ အပြောင်းအရွှေ့ကာလတွင် ဟော့ဖန်ဟိန်းမှ ကွင်းလယ်ကစားသမား လူးဝစ် ဂက်စ်စတာဗိုအား ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု Bild သတင်းစာက ဆိုသည်။

ဘိုင်ယန်မြူးနစ်သည် မကြာသေးမီက ဒဏ်ရာရရှိခဲ့သော ဗန်ဘွန်မဲ၏ နေရာကို အစားထိုးရန် အသက်(၂၃)နှစ်အရွယ် ကွင်းလယ်ခံစစ်ကစားသမား ဂက်စ်စတာဗိုအား ခေါ်ယူလိုနေခြင်းပင် ဖြစ်သည်။ ဘွန်မဲ၏ စာချုပ်သက်တမ်းမှာလည်း လာမည့်နွေရာသီကုန်တွင် ကုန်ဆုံးတော့မည် ဖြစ်သည်။

ကလပ်နှစ်သင်းအကြား အကြိုညှိနှိုင်းမှုများ ပြုလုပ်နေကြပြီဖြစ်ပြီး ကစားသမား၏ ပြောင်းရွှေ့ကြေးမှာ ယူရို ၁၀ သန်းဝန်းကျင်ဖြစ်ဖွယ်ရှိသည်။

လိုအပ်လာပါက ဘယ်တောင်ပံခံစစ်မှာလည်း ကစားနိုင်သော ဂက်စ်စတာဗိုသည် ဟော့ဖန်ဟိန်းနှင့် ၂၀၁၄ အထိ စာချုပ်သက်တမ်း ကျန်ရှိသေးသည်။

***အင်တာနက်။***

## ရီးယဲလ်မက်ဒရစ်၌ သူ၏ အနာဂတ်မှာ မသေချာတော့ကြောင်း ဒီယာရာပြောကြား

**ရီးယဲလ်မက်ဒရစ် ဒီဇင်ဘာ ၁၇**

ရီးယဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား လက်စ်စာနာဒီယာရာကလာမယ့် ဇန်နဝါရီလ အပြောင်းအရွှေ့ကာလ နောက်ပိုင်းတွင် ရီးယဲလ်အသင်း၌ သူ၏ အနာဂတ်မှာ မသေချာမရေရာကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့ပါတယ်။

၂၀၁၃ ခုနှစ် ဇွန်လအထိ ရီးယဲလ်နှင့် စာချုပ်ချုပ်ဆိုထားသည့် အသက် (၂၅)နှစ်အရွယ် ပြင်သစ်လူမျိုး ဒီယာရာဟာ ပြီးခဲ့သည့် သုံးပွဲတွင် ပါဝင်ကစားခဲ့ရပါတယ်။ သို့သော်လည်း သူ့အတွက် ဘာနေဗျူးတွင် ဆက်လက်တည်ရှိဖို့အရေးမှာ သံသယရှိနေဆဲ ဖြစ်ပါတယ်။

"ပြီးခဲ့တဲ့လက အခြေအနေက ပိုဆိုးပါတယ်။ လက်ရှိမှာတော့ နောက်တစ်ပွဲ ဆက်ကစားဖို့ပဲ ဆွေးနွေးနေပါတယ်။ ဒီမှာ ကျွန်တော်ဆက်ရှိနေမယ်လို့တော့ မပြောတတ်ဘူး၊ ကျွန်တော် အရင်က ပြောခဲ့သလိုပဲ ဇန်နဝါရီမှာ ကျွန်တော့်အခြေအနေကို ပြန်ဆန်းစစ်မယ်လို့" ဒီယာရာက ပြောကြားခဲ့ပါတယ်။

ယခင် အာဆင်နယ်၊ ချယ်လ်ဆီးနဲ့ ပို့စ်မောက်တို့မှာ ကစားခဲ့တဲ့ ဒီယာရာဟာ နည်းပြ မော်ရင်ဟို လက်ထက်မှာတော့ ပွဲထွက်ကစားခွင့် ရဖို့ကို ရုန်းကန်နေရပါတယ်။ ***အင်တာနက်။***



**ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ မီးလောင်ခံရသော အိမ်များအား တွေ့ရစဉ်။** (၅၄၆)

# ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်း၌ မီးလောင်မှုဖြစ်ပွား နေအိမ်လေးလုံး မီးလောင်ဆုံးရှုံး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်း(အောက်လမ်း)၌ ဒီဇင်ဘာ ၁၇ ရက် နံနက် ၁ နာရီ ၅၀ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက်/အနောက်ရပ်ကွက် နတ်စင်လမ်း(အောက်လမ်း) အိမ်အမှတ်(၈)ရှိ ဦးကျော်ခိုင်မြင့်(လက်ဖက်ရည်ဆိုင်) မီးဖိုမှ အနီးတွင်ရှိသော ဒီဇယ်ဆီထည့်ထားသည့် ပလတ်စတစ်ပုံးသို့ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးကျော်သူရ၊ မြို့နယ်မီးသတ်ဦးစီးမှူး (ဇုန်နယ်မြေမှူး) ဦးစောထွန်းတို့က ဦးဆောင်၍ မီးသတ်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းငြိမ်းသတ်၍ နံနက် ၂ နာရီ ၃၃ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးငြိမ်းသတ်ရေးအတွက် မီးသတ်ယာဉ် ၃၁ စီး၊ အုပ်ချုပ်မှုယာဉ် ခုနစ်စီးတို့ဖြင့် ပါဝင်မီးငြိမ်းသတ်ခဲ့ကြပြီး ယင်းမီးလောင်မှုကြောင့် အိမ်ခြေလေးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ (၅၄၆)

# ထော်လာဂျီကျော်တက်သည့် ဆိုင်ကယ်ယာဉ်မောင်း သေဆုံး

**မိတ္ထီလာ ဒီဇင်ဘာ ၁၇**

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကန်ပတ်လမ်းတွင် ဒီဇင်ဘာ ၁၅ ရက် ညနေက သပြေကန်ကျေးရွာနေ ဘိုဝင်း(ခ)အောင်မင်း(၂၂)နှစ် မောင်းနှင်သော ထော်လာဂျီ ၇၅/၂၆၂၁အား နန်းတော်ကုန်းရပ်ကွက်နေ ဖိုးခွား(ခ) စောမူလာ (၂၁)နှစ်စီးလာသည့် ဆိုင်ကယ်က ကျော်တက်ရာ ထော်လာဂျီနောက်ဘီးဖြင့် ကြိတ်မိပြီး ယင်းနေရာ၌ပင် သေဆုံးသွားခဲ့သည်။ ယာဉ်တိုက်မှုကို အမှတ်(၂) ရဲစခန်းက တရားလိုပြုလုပ်၍ ထော်လာဂျီ မောင်းသူ ဘိုဝင်း(ခ)အောင်မင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၁၁)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

# တပ်မတော်နည်းပညာတက္ကသိုလ်
# ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၇

**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် မိန့်ခွန်းပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❑

## ချီတက် အလေးပြု

**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဗိုလ်လောင်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။**

(သတင်းစဉ်)

